ဇာနာသိ၊ သိတော်မူ၏။ ဣတိ၊ သို့။ အဝေါစ၊ ၏။ သာဂတ၊
သာဂတ။ တေနဟိ၊ ထိုသို့ ဖူးမြင်လိုမူကား။ ဝိဟာရပစ္စာယာယံ၊
ကျောင်းစွန်းအရိပ်၌။ သာသနံ၊ ကို။ ပညပေဟိ၊ခင်းလော့။ ဣတိ၊
ဤသို့။ အဝေါစ၊၏။ဘန္တေ၊အရှင်ဘုရား။ ဧဝံ-သာဓု၊ပြီ။ ဣတိခေါ၊
လျှင်။ အာယသ္မာသာဂတော၊သည်။ ဘဂဝတော၊၏။ ဝစနံ၊ကို။
ပဋိဿုဏိတွာ၊၍။ ပီဌံ၊ အင်းပျဉ်ကို။ ဂဟေတွာ၊၍။ ဘဂဝတော၊
၏။ပုရတော၊မှ။နိမုဇ္ဇိတွာ၊၍။ တေသံ အသီတိဂါမိကသဟဿာနံ၊
တို့၏။ ပုရတော၊၌။ ပေက္ခမာနာနံ၊စဉ်။ပါဠိကာယ၊၌။ ဥမ္မုဇ္ဇိတွာ၊
၍။ ဝိဟာရပစ္စာယာယံ၊ ၌။ အာသနံ၊ ကို။ ပညပေတိ၊ ၏။ အထ
ခေါ၊၌။ ဘဂဝါ၊သည်။ ဝိဟာရာ၊မှ။ နိက္ခမိတွာ၊၍။ ဝိဟာရပစ္စာ
ယာယံ၊ ၌။ ပညတ္တေ၊သော။ အာသနေ၊၌။ နိသီဒိ၊၏။ အထခေါ၊
၌။ တာနိအသီတိဂါမိကသဟဿာနိ၊တို့သည်။ ယေန၊၌။ ဘဂဝါ၊
သည်။ အတ္ထိ၊ ၏။ တေန၊ သို့။ ဥပသင်္ကမိ၊ ၏။ ဥပသင်္ကမိတွာ၊၍။
ဘဂဝန္တံ၊ကို။ အဘိဝါဒေတွာ၊၍။ဧကမန္တံ၊စွာ။ နိသီဒိံသု၊ကုန်၏။
အထခေါ၊၌။ တာနိအသီတိဂါမိကသဟဿာနိ၊တို့သည်။ အာယ
သ္မန္တံ၊သော။ သာဂတံယေဝ၊အရှင်သာဂတကိုသာလျှင်။ သမန္နာ
ဟရန္တိ၊ ကြည်ညိုသဖြင့် နှလုံးပြုကုန်၏။ ဘဂဝန္တံ၊ ဘုန်းတော်ကြီး
သော။ တထာဂတံ၊ ဘုရားမြတ်စွာကို။ နောသမန္နာဟရန္တိ၊
ကြည်ညိုသဖြင့် နှလုံးမပြုကုန်။ပ။ဥတ္တရိမနုဿဓမ္မံ၊ လူတို့၏ ကုသိုလ်
တရားထက်လွန်သော။ ဣဒ္ဓိပါဋိဟာရိယံ၊ တန်းခိုး ပြာဋိဟာကို။
ဒဿေဟိ၊ ပြလော့။ ဣတိ၊ ဤသို့။ အာမန္တေသိ-ကထေသိ၊ ၏။ပ။
အန္တလိက္ခေ-အန္တလိက္ခသဒ္ဒါတော၊ အန္တလိက္ခဟု ဟောအပ်သော။
အာကာသေ၊ ၌။ စင်္ကမတိပိ၊ စင်္ကြံလည်းသွား၏။ပ။အန္တရဓာယ
တိပိ၊ မြင်လည်းမမြင်။ပ။သာဂတောပိ၊ အရှင်သာဂတမထေရ်
မျှလည်း။ ဧဝံ၊ ဤသို့။မဟိဒ္ဓိကော၊သည်။ဧဝံ၊သို့။မဟာနုဘာဝေါ၊
သည်။ဘဝိဿတိနာမ၊ ဖြစ်တံ့သေး၏။ သတ္ထာ၊ ဘုရားရှင်တော်

ကာ။အဟောန္တန၊ဩြော်မဖြစ်လှည့်လော။ဇာတိ၊ဤသို့။အာယသ္မန္တံ၊ သော။သာဂတံယထာ၊ကဲ့သို့။ဘဂဝန္တံယေဝ၊ကိုသာလျှင်။သမန္တာ ရဟန္တံ၊ကြည်ညိုသဖြင့် နှလုံးပြုကုန်၏။ (အထက်ကို သိသာပြီ) ။ပ။

၂၄၃။ အထခေါ၊ ၌။ ကောဋ္ဌိဝိသဿ၊ သော။ သောဏဿ၊ ၏။ တံ-ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ ယထာ၊ ဖြင့်။ အဟံ၊ သည်။ ဘဂဝတာ၊ သည်။ ဒေသိတံ၊ သော။ ဓမ္မံ၊ ကို။ အာဇာနာမိ၊ ၏။ပ။ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ သည်။ မံ၊ အကျွန်ုပ်ကို။ ပဗ္ဗာဇေတု၊ လော့။ ဇာတိ၊သို့။ အဝေါစ၊၏။ ကောဋ္ဌိ ဝိသော၊ သော။ သောဏော၊ သည်။ ဘဂဝတော၊၏။ သန္တိကေ၊ ၌။ ပဗ္ဗဇ္ဇံ၊ ကို။ အလတ္ထခေါ၊ တည်း။ ဥပသမ္ပဒံ၊ ကို။ အလတ္ထ၊ ပြီ။ အစိရူပသမ္ပန္နော၊ရဟန်းဖြစ်၍ မကြာမြင့်မီ။ အာယသ္မာ၊ရှည်သော အသက်ရှိသော့။ သောဏော၊ သည်။ သီတဝနေ၊ ယင်းတိုက် တော၌။ ဝိဟရတိ၊၏။ အစ္စာရဒ္ဓဝီရိယဿ၊အလွန်အားထုတ်သော လုံ့လ ရှိလျက်။ စင်္ကမတော-စင်္ကမန္တဿ၊ စင်္ကြံ သွားသော။ တဿသောဏဿ၊ ၏။ ပါဒါ၊ ခြေဘဝါးတို့သည်။ ဘိဇ္ဇိံသု၊ ကွဲ ကုန်၏။ စင်္ကမော၊ စင်္ကြံသည်။ ဂေယျထာပိ ဂဝါဃာတနံ၊ နွားသတ်ရာအရပ်ကဲ့သို့။ လောဟိတေန၊ သွေးဖြင့်။ ဖုဋ္ဌော၊ နှံ့သည်။ ဟောတိ၊ ၏။ပ။ဘဂဝတော၊ ၏။ ယေကေစိသာဝကာ၊ ခပ်သိမ်း သော တပည့်သားတို့သည်။ အာရဒ္ဓဝီရိယာ၊ အားထုတ်သော လုံ့လရှိကုန်လျက်။ ဝိဟရန္တိ၊ နေကြကုန်၏။ တေသံ၊ ထို ဘုရား တပည့်သားတို့တွင်။ အဟံ၊ ငါကား။ အညတရော-ဧကော၊ တယောက်သောသူတည်း။ အထစပန၊ ထိုသို့ လုံ့လ ပြုတုံလျက် လည်း။ မေ၊ ၏။ စိတ္တံ၊ သည်။ အနုပါဒါယ၊ တဏှာ ဒိဋ္ဌိအားဖြင့် တစုံတခုသော အာရုံကို မယူမူ၍။ အာသဝေဟိ၊ အာသဝေါတို့မှ။ နဝိမုစ္စတိ၊မလွတ်။ ခေါပန၊စင်စစ်လျှင်။ မေ၊ငါ၏။ ကုလေ၊အိမ်၌။ ဘောဂါ၊ ခံစားအပ်သော စည်းစိမ် ချမ်းသာတို့သည်။ သံဝိဇ္ဇန္တိ၊ ကုန်၏။ပ။ဘိက္ခဝေ၊ တို့။ ဂေယျထာပိ ဂဝါဃာတနံ၊နွားသတ်ရာ အရပ်ကဲ့သို့။ လောဟိတေန၊ဖြင့်။ ဖုဋ္ဌော၊နှံ့သော။ အယံစင်္ကမော၊

ကာ၊ ကဿ၊ အဘယ်သူ၏။ စက်မောနု၊ နည်း။ ဇုတိ၊ ဤသို့။ အာမန္တေသိ-ကထေသိ၊ ၏။ပ။ဘန္တေ၊ အရှင်ဘုရား။ ဧဝံသန္တေ၊ ဤ စကြာသည် အကျွန်ုပ်စကြာဟုတ်၏။ မယာ၊သည်။ ဝုတ္တမာနံ၊ဆိုလတ္တံ့ သော။ ယံဝစနံ၊ သည်။ အတ္တိ၊ ၏။ (ဤကားထည့်)။ တံဝစနံ၊ ကို။ ကိံမညသိ၊ အသို မှတ်သနည်း။ သောဏ၊ သောဏ။ တွံ၊ သင်ကား။ ပုဗ္ဗေအဂါရိကဘူတော၊ ရှေးလူဖြစ်သော အခါ၌။ ဝီဏာယတန္တိဿရေ၊စောင်းတီးခြင်း၌။ ကုသလော၊လိမ်မာသည် မဟုတ်လော။ ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံသန္တံ၊ ဤသို့ လိမ္မာသည် မှန်၏။ ယဒါ၊၌။ တေ-တယာ၊သည်။ ဝီဏာယ၊စောင်း၏။ တန္တိယော၊အညှို့တို့ကို။ အစ္စာယတာ၊ပြင်းပြင်းတီးကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မိံသမယေ၊ထိုပြင်းပြင်းတီးသောအခါ၌။သရဝတီဝါ၊ အသံသာသည်လည်း။ ဟောတိ၊ဖြစ်၏လော။ ကမ္မညာဝါ၊အရှည် တီးခြင်း၌ ခံသည်လည်း။ ဟောတိ၊ ဖြစ်၏လော။ ဘန္တေ၊ အရှင် ဘုရား။ ဧတံ၊ ထိုအသံသာခြင်း အရှည်ခံခြင်းသည်။ နောဟိဟော တိ၊မဖြစ်။ပ။အတိသိထိလာ၊လျော့လွန်းစွာတီးကုန်သည်။ဟောန္တိ၊ ကုန်၏။ပ။ အစ္စာယတာ၊ ပြင်းလွန်းစွာ တီးကုန် သည်လည်း။ နေဝဟောန္တိ၊ မဖြစ်ကုန်။ အတိသိထိလာ၊ လျော့လွန်းစွာတီးကုန် သည်လည်း။ နဟောန္တိ၊ မဖြစ်ကုန်။ သမေဂုဏေ၊ မတင်းမလျော့ သော အသံ၌။ ပတိဋ္ဌိတာ၊ တည်စေကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မိံသမယေ၊၌။ တေ၊၏။ ဝီဏာ၊ သည်။ သရဝတီဝါ၊ အသံ၏ သာခြင်းသည်လည်း။ ဟောတိ၊ဖြစ်၏လော၊ ကမ္မညာဝါ၊ သည် လည်း။ ဟောတိ၊၏လော။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံဟောတိ၊ ဖြစ်သည်ဟုတ်၏။ သောဏ၊ သောဏ။ ဧဝမေဝ၊ ဤအတူလည်း ကောင်းလျှင်။ အစ္စာရဒ္ဓဝီရိယံ၊ လွန်စွာ အားထုတ်သည် ရှိသော်။ ဥဒ္ဓစ္စာယ၊ ပြန့်လွင့်ခြင်းငှါ။သံဝတ္တတိ၊၏။ အတိလီနဝီရိယံ၊ဝီရိယကို လျော့လွန်းသည်ရှိသော်။ကောသဇ္ဇာယ၊ပျင်းရိခြင်းငှါ။သံဝတ္တတိ၊ ၏။ တသ္မာ၊ ကြောင့်။ သောဏ၊သောဏ။တွံ၊သည်။ဝီရိယသမတံ-ဝီရိယသမဘာဝံ၊ ဝီရိယနှင့် သမာဓိမျှသောအဖြစ်ကို။ အဓိဋ္ဌာဟိ၊

ဆောက်တည်လော့။ ဇုန္ဒြိယာနဉ္စ၊ သဒ္ဒိန္ဒြေစသည် တို့၏လည်း။ သမတံ-သမဘာဝံ၊ မျှသောအဖြစ်ကို။ ပဋိဝိဇ္ဈ၊ သိတတ်စေလော့။ တတ္ထစ-တသ္မိံသမထေ၊ ထိုသို့မျှသည်ရှိသော်။ နိမိတ္တံ၊ သမထ နိမိတ် ဝိပဿနာနိမိတ်ကို။ ဂဏှာဟိ၊ ယူလော့။ ဇုတိ၊ ဤသို့။ ဩဝဒတိ၊ ဆုံးမတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံသာ္ရူတိ၊ ကောင်းပြီဟု။ ပစ္စဿောသိ၊ဝန်ခံ၏။ပ။ အထ တသ္မိံကာလေ၊ ၌။ အာယသ္မာ၊ သော။ သောဏော၊ သောဏသည်။ ဧကော၊ တယောက်ထည်းထည်း။ ဝူပကဋ္ဌော၊အပေါင်းအဘော်မှခွါလျက်။ အပ္ပမတ္တော၊မမေ့မလျော့။ အာတာပီ၊ ပြင်းစွာသော လုံ့လရှိသည် ဖြစ်၍။ ပဟိတတ္တော၊ ကိုယ်အသက်နှစ်ပါးကို မငဲ့မူ၍။ ဝိဟာရတိ၊ နေ၏။ (ထည့်)။ဝိဟာရတော၊နေသောအရှင်သောဏထေရ်အား။ နစိရဿေဝ၊ မကြာမြင့်မီလျှင်။ ယဿ၊ အကြင်အရဟတ္တဖိုလ်၏။ အတ္တာယ၊ အကျိုးငှါ။ ကုလပုတ္တော၊မြတ်သော အမျိုးသားသည်။ သမ္မဒေဝ၊ ကောင်းစွာလျှင်။ အဂါရသ္မာ၊ အိမ်ရာထောင်သော လူ၏ဘောင်မှ။အနဂါရိယံ၊ရဟန်းဘောင်၌။ပဗ္ဗဇတိ၊၏။အနုတ္တရံ၊ သော။ ဗြဟ္မစရိယပရိယောသာနံ၊ အရဟတ္တမဂ်၏ အဆုံး၌ဖြစ် သော။ တံအညံ၊ ထိုအရဟတ္တဖိုလ်ကို။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက် သောကိုယ်၏အဖြစ်၌ပင်လျှင်။ သယံအဘိညာယ၊မိမိ၏မြတ်သော ဉာဏ်ဖြင့်။ သစ္ဆိကတွာ၊၍။ ဥပသမ္ပဇ္ဇ၊ရောက်၍။ ဝိဟာသိ၊ နေ၏။ ဇာတိ၊ တဘန်ပဋိသန္ဓေသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မဂ် ဟူသောသီတင်းကို။ ဝုသိတံ၊သုံးပြီ။ ကရဏီယံ၊ ပြုဘွယ်ကိစ္စကို။ ကတံ၊ပြုအပ်ပြီ။ အပရံပုန၊ တဘန်။ ဣတ္ထတ္တာယ၊ တဆဲ့ခြောက်ပါး သော ကိစ္စဖြစ်ခြင်းငှါ။နအတ္ထိ၊မရှိ။ ဇုတိ၊ဤသို့။အဘိညာသိ၊သိ၏။ အာယသ္မာ၊သော။ သောဏော၊သောဏသည်။ အရဟတံ-အရ ဟန္တာနံ၊ ရဟန္တာတို့တွင်။ အညတရောစ၊ တယောက်အကျုံးဝင် သည်။ အဟောသိ၊၏။

၂၄၄။ အထခေါ၊ ၌။ပ။အညံ၊ ရဟန္တာ၏အဖြစ်ကို။ ယံနူန- ယဒိပန ဗျာကရေယျံ၊ အကယ်၍ ကြားပေအံ့။ ဇုတိ၊ ဤသို့။ ဧတံ-

ပရိဝိတက္ကနံ၊သည်။အဟောသိ၊၏။ပ။ဘန္တေ၊ အရှင်ဘုရား။အရဟံ၊ ရဟန္တာဖြစ်ပြီးသော။ ယောသောဘိက္ခု၊ သည်။ ခီဏာသဝေါ၊ ကုန်ပြီးသော အာသဝေါလည်းရှိ၏။ ဝုသိတဝါ၊ သုံးပြီးသော မဂ်ဟူသော သီတင်းလည်းရှိ၏။ ကတကရဏီယော၊ ပြီးပြီးသော ပြုဘွယ် ကိစ္စလည်းရှိ၏။ ဩဟိတဘာရော၊ ချပြီးသော ခန္ဓာဝန် လည်းရှိ၏။ အနုပ္ပတ္တသဒတ္ထော၊ ရောက်ပြီးသောနိဗ္ဗာန်လည်းရှိ၏။ ပရိက္ခီဏဘဝသံယောဇနော၊ကုန်ပြီးသောဘဝသံယောဇဉ်လည်း ရှိ၏။ သမ္မာဉာယေန၊ သင့်သောအကြောင်းဖြင့်။ အညာ၊ သိ၍။ ဝိမုတ္တော၊ ကိလေသာမှ လွတ်၏။ သောဘိက္ခု၊သည်။ဆဋ္ဌာနာနိ၊ ခြောက်ပါးသော အကြောင်းတို့ကို။ အဓိမုတ္တော၊မျက်မှောက်သိ၍ တည်သည်။ ဟောတိ၊ ၏။ ဝိဝေကာဓိမုတ္တော၊ ကိလေသာတို့မှ ဆိတ်တတ်သောအရဟတ္တဖိုလ်ကို မျက်မှောက်သိ၍ တည်သည်။ ဟောတိ၊ ၏။ အဗျာပဇ္ဈာဓိမုတ္တော၊စောင်းမြောင်းခြင်း မရှိသော အရဟတ္တဖိုလ်ကိုမျက်မှောက်သိ၍တည်သည်။ ဟောတိ၊၏။ဥပါဒါနက္ခယာဓိမုတ္တော၊ ဥပါဒါန်တို့၏ကုန်ရာ မဂ်၏အဆုံး၌ ဖြစ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ တည်သည်။ ဟောတိ၊၏။တဏှာက္ခယာဓိမုတ္တော၊ တဏှာတို့၏ကုန်ရာမဂ်၏အဆုံး၌ ဖြစ်သောအရဟတ္တဖိုလ်ကို မျက်မှောက်သိ၍တည်သည်။ ဟောတိ၊၏။အသမ္မောဟာဓိမုတ္တော၊မောဟမရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်သိ၍ တည်သည်။ ဟောတိ၊၏။ [ဤကား ခြောက်ဌာနသရုပ်]။ ဘန္တေ၊ မြတ်စွာဘုရား။ဣဓသာသနေ၊၌။ ကေစ္စသ၊သော။အာယသ္မတော၊ အသက်ရှည်သော အရှင်၏။ ဧဝံ၊သို့။ပရိဝိတက္ကော၊သည်။ သိယာ၊ ၏။ သောအယံဘိက္ခု၊သည်။ ကေဝလံ-အသံမိဿံ၊ပဋိဝေဓဉာဏ် နှင့်မရောသော။သဒ္ဓါမတ္တကံ၊သဒ္ဓါမျှတည်းကို။နိဿာယ၊၍။အဟံ၊ ငါကား။ (ပါဌသေသ)။ နေက္ခမာဓိမုတ္တောတိ၊ ကိလေသာတို့မှ ထွက်မြောက် ပြီးသော အရဟတ္တ ဖိုလ်ကို မျက်မှောက် သိ၍ တည်သော ရဟန္တာတည်းဟု။ ဗျာကရောတိနူန၊ ကြားလတ် သလော။ ပရိဝိတက္ကော၊သည်။ ကဒါစိ၊တရံသောအခါ။ (ထည့်)။

အဿာဘဝေယျ၊ ရာ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ဤသို့ကြံတိုင်း။ ဇာတံကာရဏံ၊ကို။ နခေါပနဒဋ္ဌဗ္ဗံ၊မမှတ်အပ်။ ဘန္တေ၊အရှင်ဘုရား။ ဂုသိတဝါ၊ သုံးပြီးသော မဂ်ဟူသော သီတင်းလည်း ရှိထသော။ ကတကရဏီယော၊ ပြီးပြီးသော ပြုဘွယ်ကိစ္စလည်း ရှိထသော။ ကရဏီယံ၊ ပြုအပ်သော။ အတ္တာနံဝါ၊ သဘောကိုလည်းကောင်း။ ကတဿ၊ ပြုအပ်ပြီးသောကိစ္စ၏။ ပဋိစယံဝါ၊ ပွါးခြင်းကိုလည်းကောင်း။ အသ မနု ပဿန္တော၊ မမြင်သော။ ခီဏာသဝေါ၊ ရဟန္တာဖြစ်ပြီးသော။ ဘိက္ခု၊ သည်။ ရာဂဿ၊ ရာဂ၏။ ခယာ၊ ကုန်ခြင်းကြောင့်။ ဝီတရာဂေါ၊ ရာဂကင်း၏။ (ထည့်ပါ)။ ဝီတ ရာဂတ္တာ၊ ကြောင့်။ နေက္ခမာဓိမုတ္တော၊ သည်။ ဟောတိ၊ ၏။ ဒေါသဿ၊ ၏။ ခယာ၊ ကြောင့်။ ဝီတဒေါသော၊ ဒေါသကင်း၏။ ဝီတဒေါသတ္တာ၊ ကြောင့်။ပ။ဟောတိ၊ ၏။ မောဟဿ၊မောဟ၏။ ခယာ၊ ကြောင့်။ ဝီတမောဟော၊၏။ ဝီတမောဟတ္တာ၊ကြောင့်။ပ။ နေက္ခမာဓိမုတ္တော၊ သည်။ ဟောတိ၊ ၏။ ဘန္တေ၊ အရှင်ဘုရား။ ဇူမသောသနေ၊ ၌။ ကေစ္စဿ၊ သော။ အာယသ္မတော၊ အသက် ရှည်သောအရှင်၏။ဧဝံ၊သို့။ပရိဝိတက္ကော၊သည်။သိယာ-ဘဝေယျ၊ ဖြစ်ရာ၏။ အာယသ္မာ၊သော။ အယံဘိက္ခု၊သည်။ လာဘသက္ကာရ သိလောကံ၊ မြိန်သောလာဘ် ကောင်းသောလာဘ် သူခပ်သိမ်း တို့၏ချီးမွမ်းခြင်းကို။နိကာမယမာနော-ပတ္ထယမာနော၊တောင့်တ သည်ဖြစ်၍။ အဟံ၊ ငါကား။ ပဝိဝေကာဓိမုတ္တောတိ၊ ကိလေသာ တို့မှ ဆိတ်သော အရဟတ္တဖိုလ်ကို မျက်မှောက်သိ၍ တည်သော ရဟန္တာတည်းဟု။ ဗျာကရောတိနူန၊ ကြားသလော။ ဇူတိ၊ ဤသို့။ ပရိဝိတက္ကော၊ သည်။ ကဒါစိ၊ ၌။ အဿာဘဝေယျံ၊ရာ၏။ (နခေါ ပနေတံ စသည် အတူ)။ အာယသ္မာ၊ သော။ အယံဘိက္ခု၊ သည်။ သီလဗ္ဗတပရာမာသံ၊ မဟုတ်သဖြင့် သုံးသပ်သော ဂေါသီလ ဂေါဝတကို။ သာရတော၊အနှစ်အားဖြင့်။ ပစ္စာဂစ္ဆန္တော၊ယုံကြည် သည်ဖြစ်၍။ အဟံ၊ကား။ အဗျာပဇ္ဇာဓိမုတ္တောတိ၊ ဆောင်းမြောင်း ခြင်း မရှိသော အရဟတ္တဖိုလ်ကို မျက်မှောက်သိ၍ တည်သော

ရဟန္တာတည်းဟူ။ ဗျာကရောတိနူန၊ ကြားလတ်သလော။ ဇာတိ၊ ဤသို့။ ပရိဝိတက္ကော၊ သည်။ ကဒါစိ၊ ၌။အသ-ဘဝေယျ၊ ရာ၏။ (နတံ ပနေတံ ဘန္တေ စသည်ကား ရှေးနှင့်အတူ)။အဗျာပဇ္ဇာဓိမုတ္တော၊ စောင်းမြောင်းခြင်း မရှိသော အရဟတ္တဖိုလ်သို့ ညွှတ်လေသော နှလုံးရှိသည်။ ဟောတိ၊ ၏။ပ။ဥပါဒါနက္ခယာဓိမုတ္တော၊ ဥပါဒါန်တို့၏ကုန်သောမဂ်၏ အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်သို့ ညွှတ်လေသော နှလုံးရှိသည်။ ဟောတိ၊ ၏။ပ။တဏှက္ခယာဓိမုတ္တော၊တဏှာကုန်သောမဂ်၏အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်သို့ ညွှတ်လေသောနှလုံးရှိသည်။ ဟောတိ၊ ၏။ပ။အသမ္မောဟာဓိမုတ္တော၊ မောဟမရှိသော အရဟတ္တဖိုလ်သို့ ညွှတ်သော နှလုံးရှိသည်။ ဟောတိ၊ ၏။ (ဤမျှသာထူးသည်)။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊သို့။ သမာဓိမုတ္တစိတ္တဿ၊ကိလေသာတို့မှ ကောင်းစွာလွတ်ပြီးသော စိတ်ရှိသော။ ဘိက္ခုနော၊ အား။ ဘုသာ-ဗလဝါ၊ သည်းကုန်သော။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ရူပါ၊ အဆင်းတို့သည်။ စက္ခုဿ၊ အား။ အါပါထံ၊ ထင်ခြင်းသို့။ စေပိအာဂစ္ဆန္တိ၊ အကယ်၍ ရောက်ကုန်အံ့။ အဿဘိက္ခုနော၊ ၏။ စိတ္တံ၊ ကို။ နေဝပရိယာဒိယန္တိ၊ မယူနိုင်ကုန်။ အဿ-ဘိက္ခုနော၊ ၏။ စိတ္တံ၊ သည်။ အမိဿီကတမေဝ၊ ကိလေသာတို့နှင့် မရောသည်သာလျှင်။ ဟောတိ၊ ၏။ ဌိတံ၊ တည်ကြည်၏။ အာနေဉ္ဇပ္ပတ္တံ၊ မတုန်မလှုပ်ခြင်းသို့ရောက်၏။ အဿ-စိတ္တဿ၊ ၏။ ဝယဉ္စ၊ အဖြစ်အပျက်ကိုလည်း။ အနုပဿတိ၊ ရှု၏။ (ဤ၌ ဥပ္ပါဒသဒ္ဒါ ကျေသတည်း)။ ဘုသာ၊ သည်းကုန်သော။ သောတဝိညေယျာ၊သောတဝိညာဉ်ဖြင့် သိအပ်ကုန်သော။ သဒ္ဒါ၊အသံတို့သည်။ ဃာနဝိညေယျာ၊ နှာခေါင်းဖြင့် သိအပ်ကုန်သော။ ဂန္ဓာ၊ အနံ့တို့သည်။ပ။မနောဝိညေယျာ၊ စိတ်ဖြင့် သိအပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ မနဿ၊စိတ်အား။ အာပါထံ၊သို့။ စေပိအာဂစ္ဆန္တိ၊ကုန်အံ့။ အဿ-ခီဏာသဝဿ၊ ၏။ စိတ္တံ၊ ကို။ နေဝပရိယာဒိယန္တိ၊ မယူနိုင်ကုန်။ပ။ဘန္တေ၊ အရှင်ဘုရား။ သေယျထာပိ၊ ကား။ အဋ္ဌိဒ္ဒေါ၊

အပေါက်မရှိသော။ အသုသိရော၊အခေါင်းမရှိသော။ကေ႒နော၊ တခဲနက်သော။သေလော-သေလမယော၊ကျောက်အတိပြီးသော။ ပဗ္ဗတော၊ တောင်သည်။ ပုရတ္ထိမာယဒိသာယ၊ အရှေ့အရပ်မှ။ ဘုသာ၊သည်းစွာသော။ ဝါတဝုဋ္ဌိ၊ လေအစုသည်။ စေပိအာဂစ္ဆေယျ၊အကယ်၍ လာမူလည်း။နံပဗ္ဗတံ၊ ကို။နေဝသံကမ္ပေယျ၊မရွေ့စေနိုင်ရာ။ နသမ္ပကမ္ပေယျ၊ မလှုပ်စေနိုင်ရာ။ နသမ္ပဝေဓေယျ၊ ထိုမှ ဤမှ မတုန်လှုပ်စေနိုင်ရာ။ပ။အဿစိတ္တဿ၊ ၏။ ဝယဥ္စ၊ အဖြစ် အပျက်ကိုလည်း။ အနုပဿတိ၊ ၏။

နေက္ခမ်ံ၊ကိလေသာတို့မှ ထွက်ပြီးသော အရဟတ္တဖိုလ်ကို။ အဓိမုတ္တဿ၊ မျက်မှောက်သိ၍ တည်ထသော။ စေတသော၊ ၏။ ပဝိဝေကဥ္စ၊ကိလေသာတို့မှ ဆိတ်သော အရဟတ္တဖိုလ်ကိုလည်း။ အဓိမုတ္တဿ၊ မျက်မှောက်သိ၍ တည်ထသော။ အဗျာပဇ္ဇံ၊ စောင်းမြောင်းခြင်းမရှိသော အရဟတ္တဖိုလ်ကို။ အဓိမုတ္တဿ၊ တည်ထသော။ ဥပါဒါနက္ခယဿစ၊ ဥပါဒါန်တို့၏ကုန်သော မဂ်အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်ကိုလည်း။ အဓိမုတ္တဿ၊ တည်ထသော။

တဏှက္ခယံ၊ တဏှာကုန်သော မဂ်၏ အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်ကိုလည်း။ အဓိမုတ္တဿ၊ ထသော။ စေတသော၊ ၏။ အသမ္မောဟဉ္စ၊တွေဝေခြင်းမရှိသော အရဟတ္တဖိုလ်ကိုလည်း။ အဓိမုတ္တဿ၊ သော။ ဒိသွာသဝသ၊ ရဟန္တာ၏။ စိတ္တံ၊သည်။ အာယတနုပ္ပါဒံ၊အာယတနတို့၏ဖြစ်ခြင်း ပျက်ခြင်းကို။ သမ္မာ၊စွာ။ ဒိသွာ၊ ၍။ ဝိမုစ္စတိ၊ ၏။

သမ္မာဝိမုတ္တဿ၊ ထသော။ သန္တစိတ္တဿ၊ ငြိမ်သက်သော စိတ်လည်း ရှိထသော။ တဿဘိက္ခုနော၊ အား။ ကတဿ၊ ပြုပြီးသောကိစ္စကို။ ပဋိစယော၊ တဖန်ပွါးစေခြင်းသည်။ နတ္ထိ၊ မရှိ။ ကရဏီယဉ္စ၊ စီးဖြန်းအပ်သော ကိစ္စသည်လည်း။ နဝိဇ္ဇတိ၊ မရှိ။

ကေ႒နော၊ တခဲနက်။ သေလော-သေလမယော၊ ကျောက်အတိပြီးသောတောင်သည်။ဝါတေန၊သည်းစွာလာသောလေဖြင့်။ နသမီရတိယထာ၊ မတုန်လှုပ်သကဲ့သို့။ ဧဝံတထာ၊လည်းကောင်း။

ရူပါ၊ ရူပါရုံတို့သည်လည်းကောင်း။ပ။ဖဿာစ၊ဖေါဋ္ဌဗ္ဗာရုံတို့သည်လည်းကောင်း။ ကေဝလာ၊ ခပ်သိမ်းကုန်သော။

ဣဋ္ဌာဓမ္မာစ၊ ကောင်းသော အာရုံတို့သည် လည်းကောင်း။ အနိဋ္ဌာစ၊ မကောင်းသော အာရုံတို့သည် လည်းကောင်း။ တာဒိနော၊မြေကြီးကဲ့သို့ သည်းခံခြင်းကျေးဇူးနှင့် ပြည့်စုံထသော။ ဝိဏာသဝဿ၊၏။ ဌိတံ၊ တည်ကြည်ထသော။ ဝိပ္ပမုတ္တံ၊ကိလေသာတို့မှ လွတ်ပြီးထသော။ စိတ္တံ၊ ကို။ နပဝေဓေန္တိ၊ မလှုပ်စေကုန်။ အဿ စိတ္တဿ၊၏။ ဝယဉ္စ၊ဖြစ်ခြင်း ပျက်ခြင်းကိုလည်း။အနုပဿတိ၊ရှု၏။

၂၄၅။ အထ-တသ္မိံ ကာလေ၊ ၌။ ဘဂဝါ၊သည်။ပ။အာမန္တေသိ-ကထေသိ၊ ၏။ ဘိက္ခဝေ၊တို့။ဧဝံခေါ၊ဤသို့လျှင်။ ကုလပုတ္တာ၊ မြတ်သော အကျင့်ရှိသော အမျိုးသားတို့သည်။ အညံ၊ ရဟန္တာ၏ အဖြစ်ကို။ ဗျာကရောန္တိ၊ ငါ့အား ကြားကုန်၏။ အတ္ထော စ၊ အကြောင်းကိုလည်း။ ဝုတ္တော၊ဆို၏။ အတ္တာစ၊မိမိကိုယ်ကိုလည်း။ အနုပနီတော၊ တိုက်ရိုက်မဆောင်။ (မဆိုသော်လည်းပေး)။ဣဓ-ဣမသ္မိံ သာသနေ၊ ၌။ အထ စပန-အညေပန၊ တပါးကုန်သော။ ဧကေစ္စေ၊ကုန်သော။ မောဃပုရိသာ၊တို့သည်။ ဟသမာနကံမညေ-ဟသမာနကံဝိယ၊ ရယ်ဘွယ်ကဲ့သို့။ အညံ၊ ရဟန္တာအဖြစ်ကို။ ဗျာကရောန္တိ၊ ကြားကုန်၏။ တေ မောဃပုရိသာ၊တို့သည်။ ပစ္ဆာ၊ နောက်၌။ ဝိဃာတံ၊ပင်ပန်းခြင်းသို့။ အာပဇ္ဇန္တိ၊ရောက်ကုန်၏။ပ။ သောဏ၊သောဏ။ တွံ၊ကား။ ခေါ၊အဟုတ်လျှင်။ သုခုမာလော၊ နူးညံ့သည်။ အသိ၊ ၏။ သောဏ၊ သောဏ။ တေ၊ သင်အား။ ဧကပလာသိကံ၊ တထပ်သော။ ဥပါဟနံ၊ဘိနပ်ကို။ အနုဇာနာမိ၊ ငါခွင့်ပြုတော်မူ၏။ ဣတိ၊ သို့။ အာမန္တေသိ၊ ၏။ ဘန္တေ၊ ဘုရား။ အဟံ၊သည်။အသီတိသကဋဝါဟေ၊နှစ်စီးနှစ်စီးသော လှည်းတို့ဖြင့် တိုက်အပ်သော ဝါဟရှစ်ဆယ်ရှိသော။ (တဝါဟ တဝါဟကို လှည်းနှစ်စီးတိုက်ရာ၏ ဟူလိုသတည်း)။ ဟိရညံ၊ ရွှေငွေကိုလည်းကောင်း။ သတ္တဟတ္ထိကံ၊ ခုနစ်စီးခုနစ်စီး အရေအတွက် ရှိသော။ အနီကဉ္စ၊ ခုနစ်ပါးသော ဆင်တို့၏ အပေါင်းကို လည်းကောင်း။

[အနီက တပါးတပါး၌ ဆင်မ ခြောက်စီး ဆင်ထီး တစီး ရှိ၏။ အနီက ခုနစ်ပါးသော်ကား လေးဆဲ့ကိုးစီး ရှိ၏]။ ဩဟာယ၊ စွန့်၍။ပ။ပဗ္ဗဇိတော၊၏။ပ။တဿမေ၊ထိုအကျွန်ုပ်အား။ ဝတ္တာရော၊ ကဲ့ရဲ့တတ်သော သူတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ကောဋိဝိသော၊ ကောဋိဝိသ အမျိုးဖြစ်သော။ သောဏော၊သည်။ပ။ဒါနိ၊ ယခု။ သောအယံသောဏော၊သည်။ ကေပလာသိကာသု၊တထပ်တည်းသာ ရှိကုန်သော။ဥပါဟနာသု၊တို့၌။ ရဇ္ဇောတိ၊တပ်၏ဟု။ (သဇ္ဇောဟုလည်းရှိ၏။သဇ္ဇောတိ၊ငြိ၏ဟုပေး)။ဝတ္တာရော၊ကဲ့ရဲ့တတ်သောသူတို့သည်။ ဘဝိဿန္တိ၊ကုန်လတ္တံ့။ သစေ၊၍။ဘဂဝါ၊သည်။ ဘိက္ခုသံဃဿ၊ အား။ သစေအနုဇာနိဿတိ၊ အကယ်၍ ခွင့်ပြုအံ့။ အဟံပိ၊ သည်လည်း။ ပရိဘုဉ္ဇိဿာမိ၊ သုံးဆောင်ပါအံ့။ ဣတိ၊ သို့။ အဝေါစ၊ ၏။ပ။ဘိက္ခဝေ၊တို့။ ကေပလာသိကံ၊တထပ်သော။ ဥပါဟနံ၊ဘိနပ်ကို။ အနုဇာနာမိ၊၏။ ဒိဂုဏာ၊ နှစ်ထပ်ကုန်သော။ ဥပါဟနာ၊ဘိနပ်တို့ကို။ တိဂုဏာ၊သုံးထပ်ကုန်သော။ ဥပါဟနာ၊ တို့ကို၊ နဓာရေတဗ္ဗာ၊ မဆောင်အပ်ကုန်။ ဂဏင်္ဂဏူပါဟနာ၊ အထပ်ထပ်သော ဘိနပ်တို့ကို။ နဓာရေတဗ္ဗာ၊ ကုန်။ ယောဘိက္ခု၊ သည်။ ဓာရေယျ၊ အံ့။ တဿဘိက္ခုနော၊အား။ ဒုက္ကဋဿ၊ဒုက္ကဋ်၏အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊သည်။ ဟောတိ၊၏။

၂၄၆။ ။ပ။ သဗ္ဗနီလိကာ၊ အလုံးစုံ ညိုသော ဆိုးရည်ဖြင့် စွန်းကုန်သော ။ပ။ သဗ္ဗပီတိကာ၊ အလုံးစုံရွှေသော ဆိုးရည်ဖြင့် စွန်းကုန်သော ။ပ။ သဗ္ဗလောဟိတိကာ၊ အလုံးစုံ နီသော ဆိုးရည်ဖြင့်စွန်းကုန်သော။ပ။ သဗ္ဗမဉ္ဇိဋ္ဌိကာ၊အလုံးစုံမောင်းသော ဆိုးရည်ဖြင့် စွန်းကုန်သော။ပ။သဗ္ဗကဏှာ၊အလုံးစုံမဲသောအဆင်း ရှိကုန်သော ။ပ။ သဗ္ဗမဟာရင်္ဂရတ္တာ၊ အလုံးစုံ ကင်း, သန်းကျောက်ကုန်းအဆင်းနှင့် တူသောဆိုးရည်ဖြင့် စွန်းကုန်သော။ပ။ သဗ္ဗမဟာနာမရတ္တာ၊ အလုံးစုံ ဘက်ရွက်လျော် အဆင်းနှင့် တူသော ဆိုးရည်ဖြင့် စွန်းကုန်သော။ ဥပါဟနာယော၊ တို့ကို။ ဓာရေန္တိ၊ ကုန်၏။ပ။ ကာမဘောဂိနော၊ ကာမဂုဏ် ချမ်းသာကို

ခံစားကုန်သော။ ဂိဟီသေယျထာပိ၊ လူတို့အယောင်ကဲ့သို့။ ခေ-ရေဿန္တိ၊ ဆောင်ကုန်ဘိသနည်း။ ဇာတိ၊ သို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ ။ပ။တေန ခေါ ပန သမယေန၊ ဝ။ဆဗ္ဗဂ္ဂိယာ၊ ရှိကုန်သော။ ဘိက္ခူ၊ တို့သည်။ နီလကဝဒ္ဓိကာ၊ ညိုသောအသည်းတပ်ကုန်သော။ ဥပါဟနာယော၊ တို့ကို။ ဓာရေန္တိ၊ ကုန်၏။ပ။ တေန ခေါ ပန သမယေန၊ ဝ။ဆဗ္ဗဂ္ဂိယာ၊ ရှိကုန်သော။ဘိက္ခူ၊ တို့သည်။ ခလ္လကဗန္ဓာ၊ဖနှောင့်ဖုံးတပ်ကုန်သော။ ဥပါဟနာယော၊ တို့ကို။ ဓာရေန္တိ၊ ကုန်၏။ပုဋဗန္ဓာ၊ခြေထုပ်စွပ်ကုန်သော။ (သလုံးဖုံးတပ်ကုန် သော်လည်းပေး။ ပန်းသေးဘိနပ် ဟူလိုသတည်း) ။ပ။ ပါလိဂုဏ္ဌိမာ၊ ဖမိုးဖနှောင့်ဖုံးတပ်ကုန်သော ။ပ။ တုလပုဏ္ဏိကာ၊ လဲဖုံး သွတ်ကုန်သော။ပ။ တိတ္တိရ ပတ္တိကာ၊ ခါတောင်ကဲ့သို့ ပြောက်သော အသည်းတပ်ကုန်သော။ပ။မေဏ္ဍကဝိသာဏဝဒ္ဓိကာ၊ ဆိတ်ကုလား ဦးချိုကဲ့သို့ အသည်းတပ်ကုန်သော ။ပ။ အဇဝိသာဏဝဒ္ဓိကာ၊ ဆိတ်မြန်မာ ဦးချိုကဲ့သို့ အသည်းတပ်ကုန်သော။ပ။ ဝိစ္ဆိကာဠိကာ၊ ကင်းမြီးကောက်လက်မကဲ့သို့ အသည်းတပ်ကုန်သော။ပ။ မောရပိဉ္ဆ ပရိသိဗ္ဗိကာ၊ ဥဒေါင်းမွေးရင်း တို့ဖြင့် ချုပ်ကုန်သော။ပ။ စိတြာ၊ ဆန်းကြယ်ကုန်သော။ဥပါဟနာယော၊ တို့ကို။ဓာရေန္တိ၊ကုန်၏။ပ။ သီဟစမ္မပရိက္ခဋာ၊ ခြင်္သေ့ရေဖြင့် အနားပတ်ကုန်သော။ပ။ ဥဒ္ဒစမ္မပရိက္ခဋာ၊ ကလအှင်္ဂရေဖြင့် အနားပတ်ကုန်သော။ (ဖျံရေဖြင့်လည်း ဟူ၏)။ပ။ မဇ္ဇာရိစမ္မပရိက္ခဋာ၊ကြောင်ရေဖြင့် အနားပတ်ကုန်သော။ပ။ကာဠကစမ္မပရိက္ခဋာ၊ ရှဉ့်နက်ရေဖြင့် အနားပတ်ကုန်သော။ပ။ လုဝကစမ္မပရိက္ခဋာ၊ သျှူးရေဖြင့် အနားပတ်ကုန်သော။ ဥပါဟနာယော၊ တို့ကို။ ဓာရေန္တိ၊ ကုန်၏။

၂၄၇။ အထခေါ၊ ဝ။ ဘဂဝါ၊ သည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါဝ။ပ။အညတရေန၊ တယောက်သော။ ပစ္ဆာသမဏေနဘိက္ခုနာ၊ နောက်လိုက်ရဟန်းနှင့်။ ရာဇဂဟံ၊သို့။ပိဏ္ဍာယ၊ငှါ။ ပါဝိသိ၊ ၏။ အထခေါ၊ဝ။ သောဘိက္ခု၊ သည်။ ခဉ္စမာနော၊ ကွလျက်။ ။ပ။အနုဗန္ဓိ၊ လိုက်လေ၏။ ဂဏင်္ဂဏူပါဟနာ၊ အထပ်ထပ်သော

ဘိနပ်တို့ကို။ အာရောပေတွာ၊ စီး၍။ ဂစ္ဆန္တော၊ သွားသော။အညာ
တရောဥပါသကော၊ ဒါယကာ တယောက်သည်။ ဒူရတော၀၊
မှလျှင်။ အာဂစ္ဆန္တံ၊ လာတော်မူလတ်သော။ ဘဂဝန္တံ၊ကို။ အဒ္ဒ-
သခေါ၊ မြင်လေ၏။ ဒိသွာန၊ ၍။ ဥပါဟနာ၊ ဘိနပ်မှ။ ဩရော
ဟိတွာ၊ သက်၍။ပ။ဘန္တေ၊ သခင်။ ကိဿ၊ အဘယ့်ကြောင့်။
အယျော၊ သခင်သည်။ ခဥ္စတိ၊ကွသနည်း။ ဣတိ၊သို့။ အဝေါစ၊၏။
အာဝုသော၊ ဒါယကာ။ မေ၊ ၏။ ပါဒါ၊ ခြေတို့သည်။ ဖါလိတာ၊
ပတ်ခွဲကုန်၏။ (ကွဲခွဲကုန်၏ သော်လည်းပေး)။ ဣတိ၊သို့။ ဝုတ္တေ၊
သော်။ ဘန္တေ၊ သခင်။ ဥပါဟနာယော၊ ဘိနပ်တို့ကို။ ဟန္ဒဂဏှ၊
ယူလော့။ ဣတိ၊ သို့။ အာဟ၊ ၏။ အာဝုသော၊ ဒါယကာ။ အလံ
အယုတ္တံ၊ မအပ်။ ဘဂဝတာ၊ သည်။ ဂဏင်္ဂဏူပါဟနာ၊ တို့ကို။
ပဋိက္ခိတ္တာ၊ ကုန်၏။ ဣတိ၊ သို့။ အာဟ၊၏။ ဘိက္ခု၊ရဟန်း။ ဧတာ
ဥပါဟနာယော၊ တို့ကို။ ဂဏှာဟိ၊ ခံလော့။ (ဘုရားမိန့်တော်မူ
သတည်း)။ပ။ဘိက္ခဝေ၊တို့။ ဩမုက္ကံ၊ချွတ်၍ပယ်သော။ ဂဏင်္ဂဏူ
ပါဟနံ၊ကို။ အနုဇာနာမိ၊၏။ (လူတို့စီးလေပြီးသော်ကား အပ်၏
ဟူလိုသတည်း)။ ဘိက္ခဝေ၊ တို့။ နဝါ၊ မစီးကုန် သေးသော။
ဂဏင်္ဂဏူပါဟနာ၊ တို့ကို။ နဓာရေတဗ္ဗာ၊ ကုန်၏။ပ။

၂၄၀။ တေနခေါပနသမယေန၊ ၌။ ဘဂဝါ၊ သည်။ အဇ္ဈော
ကာသေ၊၌။ အနုပါဟနာ၊ဘိနပ်မစီးဘဲ။ စင်္ကမတိ၊စင်္ကြံသွားတော်
မူ၏။သတ္ထာ၊သည်။ အနုပါဟနော၊ဘဲ။ စင်္ကမတိ၊စင်္ကြံသွားတော်
မူ၏ဟု။ ထေရာ၊ ကုန်သော။ ဘိက္ခူပိ၊ ရဟန်းတို့သည်လည်း။အနု
ပါဟနာ၊ ဘိနပ်မစီးကုန်ဘဲ။ စင်္ကမန္တိ၊ ကုန်၏။ ဆဗ္ဗဂ္ဂိယာ၊ ဆဗ္ဗဂ္ဂီ
အမည်ရှိကုန်သော။ ဘိက္ခူ၊တို့သည်။ သတ္ထရိ၊မြတ်စွာဘုရားသည်။
အနုပါဟနမာနေ၊ ဘိနပ်မစီးဘဲ။ စင်္ကမမာနေ၊ စင်္ကြံသွားတော်
မူလျက်။ ထေရေသုပိဘိက္ခူသု၊ ထေရ်ကြီး ရဟန်းတို့သည်လည်း။
အနုပါဟနေသု၊ဘိနပ်မစီးကုန်ဘဲ။ စင်္ကမမာနေသု၊စင်္ကြံသွားကုန်
လျက်။ ဥပါဟနာ၊ ဘိနပ်စီးကုန်လျက်။ စင်္ကမန္တိ၊ ကုန်၏။ပ။
ဘိက္ခဝေ၊ တို့။ ဩဒါတဝတ္ထဝသနာ၊ ပုဆိုးဖြူဝတ်ကုန်သော။ဣမေ

ဟိနာမဂိဟိ၊ ဤလူတို့သော်လည်း။ အဘိဇီဝကသ၊ အသက်မွေး ကြောင်းဖြစ်သော။ သိပ္ပဿကာရဏာ၊ အတတ်ကို လိုသော ကြောင့်။ပ။ဝိဟရိဿန္တိ၊ နေကုန်သေး၏ရှင့်။ ဘိက္ခဝေ၊ တို့။ ဇူမ ဇူမသ္မိံ သာသနေ၊ ဤငါဘုရား သာသနာတော်၌။ ယံယဒိ၊ အကယ်၍။ (တံကား နိပါတ်)။ တုမှေ၊ တို့သည်။ ဧဝံ၊ ဤသို့။ သွက္ခာတေါသော။ ဓမ္မဝိနယေ၊၌။ ပဗ္ဗဇိတာ၊ ရဟန်းပြုကုန်သည်။ သမာနာ၊ ရှိကုန်သော်။ အာစရိယေသု၊ တို့၌လည်းကောင်း။ အာစရိယမတ္တေသု၊ ဆရာမျှသာ ဖြစ်သော ရဟန်းတို့၌ လည်း ကောင်း။ပ။ သဂါရဝါ၊ ရိုသေခြင်းနှင့်တကွဖြစ်ကုန်လျက်။ သပ္ပ တိဿာ၊ ကျိုးနွံတုပ်ဝပ်ကုန်လျက်။ သဘာဂဝုတ္တိနော၊ တူသော အသက်မွေးခြင်း ရှိကုန်လျက်။ ဝိဟရေယျာထ၊ နေကုန်မူကား။ သောဘေထ၊ တင့်တယ်ကုန်၏။ပ။ ဘိက္ခဝေ၊ တို့။ အဇ္ဈာရာမေ၊ အရာမ်တွင်း၌။ ဥပါဟနာ၊ တို့ကို။ နဓာရေတဗ္ဗာ၊ ကုန်။ ယော-ဘိက္ခု၊သည်။ ဓာရေယျ၊အံ့။ ဒုက္ကဋဿ၊သို့။ အာပတ္တိ-အာပဇ္ဇနံ၊ သည်။ ဟောတိ၊၏။

၂၄၉။ ။ပ။ပါဒခိလာဗာဓော၊ဘဝါး၌ တံသင်းကဲ့သို့ အသား ထွက်သောအနာသည်။ ဟောတိ၊၏။တံဘိက္ခုံ၊ကို။ ပရိဂ္ဂဟေတွာ၊ ချီ၍။ ဥစ္စာရံပိ၊ ကျင်ကြီးသွားရာသို့ လည်းကောင်း။ ပဿာဝံပိ၊ ကျင်ငယ်သွားရာသို့လည်းကောင်း။ နိက္ခာမေန္တိ၊ ထွက်စေကုန်၏။ ။ပ။ဘိက္ခဝေ၊တို့။ ယဿဘိက္ခုနော၊ အား။ ပါဒါဝါ၊ခြေဘဝါးတို့ သော်လည်း။ ဒုက္ခာ၊ ကျင်နာကုန်အံ့။ပ။ ဖါလိတာ၊ ကွဲကုန်အံ့။ပ။ ခိလာဝါအာဗာဓော၊ တံသင်းကဲ့သို့ အသားထွက်သော အနာ သည်မူလည်း။ဟောတိ၊အံ့။တဿဘိက္ခုနော၊အား။ ဥပါဟနံ၊ ကို။ ဓာရေတုံ၊ ငှါ။ အနုဇာနာမိ၊ ၏ ။ပ။ အဓောတေဟိ၊ မဆေးကုန် သော။ ပါဒေဟိ၊ တို့ဖြင့်။ မဉ္စံပိ၊ ညောင်စောင်းထက်သို့ လည်း ကောင်း။ ပီဌံပိ၊ သို့လည်းကောင်း။ အဘိရုဟန္တိ၊ တက်ကုန်၏။ စီဝရံပိ၊ သည်လည်းကောင်း။ သေနာသနံပိ၊ အခင်းအိပ်ရာနေရာ သည်လည်းကောင်း။ ဒုဿတိ၊ ပျက်၏။ပ။ဘိက္ခူ၊တို့သည်။ ဥပေါ

သထဂ္ဂံပိ၊ဥပုသ်အိမ်သို့လည်းကောင်း။ သန္ထာသဏ္ဌံပိ၊ စည်းဝေးရာသို့လည်းကောင်း။ ဂန္တွာ၊ ကုန်သော်။ အန္ဓကာရေ၊ မိုက်သောအခါ၌။ ခါဏုမ္ပိ၊ သစ်ငုတ်ကိုလည်းကောင်း။ ကဏ္ဋကံပိ၊ ဆူးကိုလည်းကောင်း။ အက္ကမန္တိ၊ နင်းမိကုန်၏။ ပါဒါ၊ ဘဝါးတို့သည်။ ဒုက္ခာ၊ ဆင်းရဲဝေဒနာရှိကုန်သည်။ ဟောန္တိ၊ကုန်၏။ပ။ဘိက္ခဝေ၊ တို့။ အဇ္ဈာရာမေ၊ အရာမ်တွင်း၌။ ဥပါဟနံ၊ကို။ ဓာရေတုံ၊ငှါ။ဥက္ကံ၊ မီးရှူးကိုလည်းကောင်း။ ပဒီပံ၊ ဆီမီးကိုလည်းကောင်း။ ကတ္တရဒဏ္ဍံ၊ တောင်ဝှေးကိုလည်းကောင်း။ ဓာရေတုံ၊ငှါ။ အနုဇာနာမိ၊ ခွင့်ပြု၏။

၂၅၀။ တေနခေါပနသမယေန၊၌။ဆဗ္ဗဂ္ဂိယာဘိက္ခူ၊တို့သည်။ ရတ္တိယာ၊၏။ ပစ္စူသသမယံ၊၌။ ပစ္စုဋ္ဌာယ၊ ထ၍။ ကဋ္ဌပါဒုကာယော၊ သစ်ခြေနင်းတို့ကို။ အဘိရူဟိတွာ၊ စီး၍။ အဇ္ဈောကာသေ၊ ၌။ ဥစ္စာသဒ္ဒါ၊ မြင့်သောအသံရှိကုန်သည်။ မဟာသဒ္ဒါ၊ သည်းသောအသံရှိကုန်သည်။ ခဋခဋသဒ္ဒါ၊ တခုတ်ခုတ်သော အသံရှိကုန်သည်။ ဟုတွာ၊ ၍။ တိရစ္ဆာနကထံ၊ မဂ်ဖိုလ်အား ဘီလာထားတတ်သော စကားကို။ ကထေန္တာ၊ ဆိုကုန်လျက်။ စင်္ကမန္တိ၊ ကုန်၏။ ဣဒံ၊ ဤမဂ်ဖိုလ်အား ဘီလာ ထားတတ်သော စကားဟူသည်။ သေယျထာကတမံ၊ဟူမူကား။ ရာဇကထံ၊မင်းစကား။ပ။ သေနာကထံ၊ စစ်စကား။ သဘာကထံ၊ သဘင်စကား။ယုဒ္ဓကထံ၊ စစ်ချီသောစကား။ပ။ဝိသိခါကထံ၊ခရီးဆုံစကား။ကုမ္ဘဋ္ဌာနကထံ၊ ရေဆိပ်စကား။ (အိုးထိန်းကျွန်မများ ရေဆိပ်၌ ဆိုကြသောစကားဟူလိုသတတ်)။ ပုဗ္ဗပေတကထံ၊ ရှေး၌ဖြစ်သော သူသေ, သူပျောက်တို့၏စကား။ နာနတ္တကထံ၊ ထူးသောစကား။ လောကက္ခာယိကံ၊ လူတို့အကြောင်းကို ဆိုသောစကား။ သမုဒ္ဒက္ခာယိကံ၊ သမုဒြာ၏အကြောင်းကို ဆိုသောစကား။ ဣတိဘဝါဘဝကထံ၊ သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိ အစရှိသည်ကို ဆိုသောစကား။ ဣတိဣမေ၊ တို့တည်း။ (ထည့်)။ဣတိဝါကထံ၊ဤသို့သောစကားကို

လည်းကောင်း။ အညံ့ဝါကထံ၊ တပါးသောစကားကို လည်းကောင်း။ ကထေန္တာ၊ ဆိုကုန်လျက်။စက်မန္တိ၊ကုန်၏။

**အမှာ** နောက်သို့ဆုတ်၍ သမ္မန်။ ။လူတို့ကို ပရမိသွာ ဖန်ဆင်း၍ ဖြစ်သည်။ ကျီးတို့ကားဖြူ၏။ အဘယ်ကြောင့် နည်းဟူမူကား အရိုးဖြူသောကြောင့်တည်း။ ဥဗျိုင်းကားနီ၏။ အဘယ်ကြောင့်နည်း ဟူမူကား အသွေးနီသောကြောင့်တည်း။ သမုဒြာကား သာဂရမင်းသားတို့တူးသောကြောင့် သာဂရမည်၏။ ငါတို့တူးသည်ဟု လက်ဆုပ်၍ပြသောကြောင့် သမုဒြာမည်၏ဟု ကလွဲကလက်ဆိုသောစကားသည်ကား နာနတ္တကထာမည်သတည်း။ လောကက္ခာယိက သမုဒ္ဒက္ခာယိကလည်း မည်သတည်း။ ဣတိဝါ၌ ဝါသဒ္ဒါဖြင့်ကား အညံ့ဝါကထံကို ဆည်းသတည်း။

※ ကီဠကမ္ဗိ၊ ပိုးငယ်ကိုလည်း။ အဏ္ဏမိတ္တာ၊ နင်း၍။ မာရေန္တိ၊ သေစေကုန်၏။ ဘိက္ခူပိ၊ကမ္ဗဋ္ဌာန်း စီးဖြန်းသော ရဟန်းတို့ သည်လည်း။ သမာဓိမှာ၊ မှ။ စာဝေန္တိ၊ ရွေ့စေကုန်၏။ပ။ ဘိက္ခဝေ၊တို့။ ကဋ္ဌပါဒုကာယော၊သစ်ခြေနင်းတို့ကို။နဓာရေတဗ္ဗာ၊မဆောင်အပ်ကုန်။ပ။ တာလတရုဏော၊ ထန်းပင်ငယ်တို့ကို။ ဆေဒါပေတွာ၊ ဖြတ်စေ၍။ တလပတ္တပါဒုကာယော၊ ထန်းပတ်ခြေနင်း တို့ကို။ ဓာရေန္တိ၊ ဆောင်ကုန်၏။တာနိတာလတရုဏာနိ၊ထိုထန်းပင်ငယ်တို့သည်။ ဆိန္နာနိ၊ ဖြတ်အပ်ကုန်သည်ရှိ သော်။ မိလာယန္တိ၊ ညှိုးခွဲကုန်၏။ပ။ ဝေဠုတရုဏော၊ ဝါးပင်ငယ်တို့ကို။ ဆေဒါပေတွာ၊ ၍။ ဝေဠုပတ္တပါဒုကာယော၊ ဝါးပတ်ခြေနင်းတို့ကို။ ဓာရေန္တိ၊ ကုန်၏။ပ။

၂၅၁။ ။ပ။တတြ-တသ္မိံ ဘဒ္ဒိယေ၊ ထို ဘဒ္ဒိယ ပြည်၏အနီး၌။ ဇာတိယာဝနေ၊ စမ္ပါယ်တော၌။ ဘဂဝါ၊သည်။ ဝိဟရတိ၊၏။ပ။ ဘဒ္ဒိယာ၊ ဘဒ္ဒိယပြည်၌ နေကုန်သော။ ဘိက္ခူ၊တို့သည်။ အနေကဝိဟိတံ၊ တပါးမက များစွာစီရင်အပ်သော။ ပါဒုကံ၊ကို။ မဏ္ဍနာနုယောဂံ၊ တန်းဆာဆင်ခြင်း၌ ယှဉ်သောလုံ့လကို။ အနုယုတ္တာ၊

ကုန်လျက်။ ဝိဟရန္တိ၊ ကုန်၏။ တိဏပါဒုကံ၊ မြက်ခြေနင်းကို။
ကရောန္တိပိ၊မိမိတို့လည်းပြုကုန်၏။ကာရာပေန္တိပိ၊သူ့ကိုလည်းပြုစေ
ကုန်၏။ မုဉ္စပါဒုကံ၊ ဖြူဆံမြက်ခြေနင်းကို။ ပဗ္ဗဇပါဒုကံ၊ ပြိတ်မြက်
ခြေနင်းကို။ပ။ဟိန္တာလပါဒုကံ၊သင်းပေါင်းရွက်ဖြင့်ပြုသောခြေနင်း
ကို။ (ခနွန်းလည်းပေး)။ပ။ကမလပါဒုကံ၊ ကမလမည်သောမြက်
ဖြင့်ပြုသော ခြေနင်းကို ။ပ။ ကမ္ဗလပါဒုကံ၊ ကမ္ဗလာခြေနင်းကို။ပ။
ဥဒ္ဒေသံ၊ ပါဠိသင်ခြင်းသည်လည်းကောင်း။ ပရိပုစ္ဆံ၊ အဋ္ဌကထာ
သင်ခြင်းသည်သည်းကောင်း။ အဓိသီလံ၊ မြတ်သော သီလသည်
လည်းကောင်း။ အဓိစိတ္တံ၊ အလွန်မြတ်သော သမာဓိ စိတ်သည်
လည်းကောင်း။ အဓိပညံ၊ အလွန်မြတ်သော ပညာသည်လည်း
ကောင်း။ ရိဉ္စန္တိ၊ ဆိတ်ကုန်၏။ပ။ဖလိကမယာ၊ ဖလ်ဖြင့် ပြီးကုန်
သော။ ပါဒုကာ၊ တို့ကို။ နခါရေတဗ္ဗာ၊ ကုန်။ ကံသမယာ၊ ကြေး
ဖြူဖြင့် ပြီးကုန်သော။ပ။ကာစမယာ၊ စဉ့်ဖြင့် ပြီးကုန်သော။ပ။တိပု
မယာ၊သလွဲစမည်းဖြင့် ပြီးကုန်သော။ပ။သီသမယာ၊သလွဲမည်းဖြင့်
ပြီးကုန်သော။ပ။တမ္ဗလောဟမယာ၊ ကြေးနီဖြင့် ပြီးကုန်သော။
ပါဒုကာ၊တို့ကို။ နခါရေတဗ္ဗာ၊ကုန်။ပ။ဘိက္ခဝေ၊တို့။ သင်္ကမနိယာ
ပြောင်းအပ်ကုန်သော။ ကာစိပါဒုကာ၊ တစုံတခုသော ခြေနင်း
တို့ကို။ နစခါရေတဗ္ဗာ၊ ကုန်။ ယောဘိက္ခု၊ သည်။ ခါရေယျ၊ အံ့။
တဿဘိက္ခုနော၊ အား။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့။ အာပတ္တိ
အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဓုဝဋ္ဌာနိယာ၊အမြဲ
တည်ရာရှိကုန်သော။ အသင်္ကမနိယာယော၊ မပြောင်းမရွှေ့အပ်
ကုန်သော။ တယော၊ ကုန်သော။ ပါဒုကာယော၊ ခြေနင်းတို့ကို။
အနုဇာနာမိ၊ ၏။ ဝစ္စပါဒုကံ၊ ရေအိမ်သွားရာ ခြေနင်းကိုလည်း
ကောင်း။ ပဿာဝပါဒုကံ၊ ကျင်ငယ်သွားရာ ခြေနင်းကိုလည်း
ကောင်း။ အာစမနပါဒုကံ၊ သန့်သက်ရေဆောင်ရာ ခြေနင်းကို
လည်းကောင်း။ အနုဇာနာမိ၊ ၏။

၂၅၂။ ။ပ။ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ အစိရ
ဝတိယာနဒိယာ၊ အစိရဝတီမြစ်၌။ တရန္တာနံ၊ ကူးကုန်သော။

ဂါဝိနံ၊ နွားမတို့၏။ ဝိသာဏေသုပိ၊ ဦးချိုတို့၌ လည်းကောင်း။ (တို့ကို ဟုလည်းပေး)။ ဂဏှန္တိ၊ ကိုင်ကုန်၏။ပ။ဆေပွေပိ၊ မြီးတူး၌လည်း။ပ။ဝိဋ္ဌိမ္ဗိ၊ ကျောက်ကုန်း၌လည်း။ အဘိရူဟန္တိ၊ စီးကုန်၏။ ရတ္တစိတ္တာ၊တပ်သောစိတ်ရှိကုန်သည်ဖြစ်၍။အင်္ဂဇာတံပိ၊ကိုလည်း။ ဆုပန္တိ၊ မိမိတို့၏ အင်္ဂါဇာတ်တို့ဖြင့် ထိစေကုန်၏။ ဝစ္ဆတရိမ္ပိ၊နွားငယ်ကိုလည်း။ ဩဂါဟေတွာ၊ မွန်း၍။ (နစ်၍ ဟုလည်းပေး)။ မာရေန္တိ၊သေစေကုန်၏။ပ။ယထာဓမ္မော၊ပါဠိအလျောက်။ကာရေတဗ္ဗော၊ ၏။ (ပါစိတ် ဟူလိုသတည်း)။ ဇုဏ္ဍိယုဏ္ဍေန၊ နွားမကသော။ ပုရိသန္တရေန၊ယောကျ်ားနှင်သော။ ယာနေနပိ၊ဖြင့်လည်း။ ယန္တိ၊ ကုန်၏။ ပုရိသယုဏ္ဍေန၊ အဖိုကသော။ ဇုဏ္ဍန္တရေန၊ မိန်းမနှင်သော။ ယာနေနပိ၊ ဖြင့်လည်း။ ယန္တိ၊ ကုန်၏။ပ။ဂင်္ဂါမဟိယာယထာ၊ ဂင်္ဂါသဘင် မဟိသဘင်ကဲ့သို့တကား ။ပ။ ဘိက္ခဝေ၊ တို့။ ယာနေန၊ ဖြင့်။ နယာယိတဗ္ဗံ၊ မသွားအပ်။ပ။

၂၅၃။ တေန ခေါ ပန သမယေန၊ ၌။ပ။ကုက္ကုစ္စာယန္တော၊ မအပ်ဟု အမှတ်ရှိသည်ဖြစ်၍။ ယာနံ၊ ကို။ နာဘိရူဟိ၊ မစီး။ပ။ ဇုတ္တိယုတ္တံ၊အမ က,သော ယာဉ်သည်လည်း။ကပ္ပတိနုခေါ၊လော။ ပုရိသယုတ္တံ၊ အဖို က,သော ယာဉ်သည်လည်း။ ကပ္ပတိနုခေါ၊ လော။ ဇုတိ၊ သို့။ ပရိဝိတက္ကနံ၊ သည်။ အဟောသိ၊ ၏။ပ။ပုရိသယုတ္တံ၊ အဖို က,သော ယာဉ်ကို လည်းကောင်း။ ဟတ္ထဝဋ္ဋကံ၊ လက်ဖြင့် ငင်သော ယာဉ်ကို လည်းကောင်း။ အနုဇာနာမိ၊ ၏။ [အဖို က,သော ယာဉ်ကား ယောကျ်ား နှင်သည်ဖြစ်စေ မိန်းမနှင်သည်ဖြစ်စေ အပ်သည်ချည်း။ လက်ငင်သော ယာဉ်လည်း ယောကျ်ားငင်သည်ဖြစ်စေ မိန်းမငင်သည်ဖြစ်စေ အပ်သည်ချည်း) ။ပ။အညတရဿ၊သော။ ဘိက္ခုနော၊အား။ယာနုဃာတေန၊လှုံည်း တောက်သဖြင့်။ ဗာဠှတရံ၊သည်းစွာ။အဖါသု၊ကိုယ်မချမ်းသာခြင်း သည်။ အဟောသိ၊ ၏။ပ။သိဝိကံ၊ ထမ်းစင်ကို လည်းကောင်း။ ပါဋင်္ကိ၊ သံလျင်းကို လည်းကောင်း။ အနုဇာနာမိ၊ ၏။

၂၅၄။ တေနခေါပနသမယေန၊ဌ။ဆဗ္ဗဂ္ဂိယာဘိက္ခူ၊တို့သည်။ ဥစ္စာသယနမဟာသယနာနိ၊ပမာဏထက်မြင့်သော အိပ်ရာနေရာ မြတ်သော အိပ်ရာနေရာ တို့ကို။ ဓာရေန္တိ၊ ကုန်၏။ ဇေယျထိဒံ။ ဣဒံဇာမာနိ၊ ဤအခင်းတို့သည်။ သေယျထာကတမာနိ၊ အဘယ်သည်တို့နည်း ဟူမူကား။ အာသန္ဒိံ၊ ပမာဏထက်လွန်သော ညောင်စောင်း အင်းပျဉ်လည်းကောင်။ ပလ္လင်္ကံ၊ အခြေ၌ သားရဲရုပ် ရှိသော ပလ္လင်လည်းကောင်း။ ဂေါနကံ၊ လက်လေးသစ်ထက် အမွေး ရှည်သော နက်မည်းသော ကော်ဇော်ကြီး လည်းကောင်း။ (သာရတ္ထ ဒီပနီ နှင့် အညီ ပေး)။ စိတ္တကံ၊ အထူး ထူးသော အဆင်းရှိသော သားမွေးတို့ဖြင့် ရက်အပ်သော ဆန်းကြယ်သော အခင်းလည်းကောင်း။ (ဝိမတိ–ဝိနောဒနီ)။ ပဋိကံ၊သားခမွေးဖြင့် ယက်အပ်သောဖြူသောအခင်း လည်းကောင်း။ ပဋလိကံ၊တခဲနက် ပန်းပွင့်ရှိသော သားမွေးဖြင့်ယက်အပ်သော နီသောအခင်းလည်း ကောင်း။တုလိကံ၊ လဲဖြင့်ပြည့်သော ဘုံလျှိအခင်းလည်းကောင်း။ ဝိကတိကံ၊ ခြင်္သေ့ရုပ်,ကျားရုပ်အစရှိသည်တို့ဖြင့် ဆန်းကြယ်သော သားမွေးဖြင့် ယက်အပ်သော အခင်းလည်းကောင်း။ ဥဒ္ဒလောမိံ၊ တဘက်အစွန်းမှ တက်သောအဆာရှိသောသားမွေးဖြင့် ယက်အပ် သောအခင်းလည်းကောင်း။ [ဥဒ္ဒလောမိ၌ ဒမှာ ဒန္တဇတတိယက္ခ ရာ သဒ္ဒိသဒ္ဒွေဘော်။ အဘိဓာန်ဋီကာ]။ ဧကန္တလောမိံ၊နှစ်ဘက် အစွန်းမှ တက်သောအဆာရှိသော သားမွေးဖြင့် ယက်အပ်သော အခင်းလည်းကောင်း။ ကဋ္ဋိဿံ၊ ပိုးချည်တို့၏ အကြား အကြား၌ ရွှေချည်သွင်း၍ ယက်အပ်သော အခင်းလည်းကောင်း။ ကောသေယျံ၊ရတနာရွှေချည်ဖြင့် ချုပ်အပ်သော ပိုးချည်ဖြင့် ယက်အပ်သော အခင်းလည်းကောင်း။ ကုဇ္ဇကံ၊ တကျိပ် ခြောက်ယောက်သော ကချေသည် မိန်းမတို့ရပ်၍ ကလောက်သော သားမွေးဖြင့် ယက် အပ်သော အခင်းလည်းကောင်း။ ဟတ္ထတ္ထရဏံ၊ဆင်ကုန်းနှီးလည်း ကောင်း။အဿတ္ထရဏံ၊ မြင်းကုန်းနှီးလည်းကောင်း။ ရထတ္ထရဏံ၊ ရထားခင်းနှီးလည်းကောင်း။ အဇိနပ္ပဝေဏိံ၊ ညောင်စောင်းနှင့်

အမျှ သစ်နက်ရေကိုနှစ်ထပ် သုံးထပ်ထပ်၍ချုပ်သောခင်းနှီး လည်းကောင်း။ ကဒလိမိဂပ္ပဝရပ္ပစ္စတ္ထရဏံ၊ ဝံပိုင့်ရေဖြင့် ပြုအပ်သောမြတ်သော အခင်းလည်းကောင်း။ သဥတ္တရစ္ဆဒံ၊ အထက်မိတာန်နှိနှင့်တကွ"၊ ဥဘတော လောဟိတကူပဓာနံ၊ ခြေရင်း ခေါင်းရင်းနှစ်ဘက်၌ နီသောအုံးရှိသော အိပ်ရာနေရာလည်းကောင်း။ ဇုတိဇူမေ၊ ဤသည်တို့တည်း။ တာနိ၊ ထိုအခင်းတို့ကို။ ဓာရေန္တိ၊ ကုန်၏။ပ။

၂၅၅။ တေနခေါပန သမယေန၊၌။ ဆဗ္ဗဂ္ဂိယာ၊ ကုန်သော။ ဘိက္ခူ၊တို့သည်။ ဘဂဝတာ၊ သည်။ ဥစ္စာသယနမဟာသယနာနိ၊ မြင့်သောနေရာမြတ်သောနေရာတို့ကို။ ပဋိက္ခိတ္တာနိ၊ ပယ်ကုန်၏ဟူ၍။ မဟာစမ္မာနိ၊ ကြီးစွာသောအရေတို့ကို။ ဓာရေန္တိ၊ ကုန်၏။ သီဟစမ္မံ၊ ခြင်္သေ့ရေကိုလည်းကောင်း။ ဗျဂ္ဃစမ္မံ၊ ကျားရေကိုလည်းကောင်း။ ဒီပိစမ္မံ၊ သစ်ရေကိုလည်းကောင်း။ ဓာရေန္တိ၊ ကုန်၏။ တာနိမဟာစမ္မာနိ၊ တို့ကို။ပ။ဆိန္နာနိ၊ ဖြတ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ပ။ အန္တောပိမဉ္စေ၊ ညောင်စောင်း၏ အတွင်း၌ လည်း။ ပညတ္တာနိ၊ ခင်းကုန်သည်။ ဟောန္တိ၊ ကုန်၏။ပ။ ဝိဟာရစာရိကံ၊ ကျောင်းစဉ်သွားခြင်းကို။အာဟိဏ္ဍန္တာ၊လည်ကုန်သော။မနုဿာ၊ တို့သည်။ ပဿိတွာ၊ ၍။ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ–အာပဇ္ဇနံ၊ သည်။ ဟောတိ၊၏။ပ။ ဂေါစမ္မာနိ၊ တို့ကို။ ဓာရေန္တိ၊ ကုန်၏။ပ။အညတရောကော၊ တယောက်သော။ ပါပဘိက္ခု၊ မကောင်းသော ရဟန်းသည်။ အညတရဿ၊ သော။ ပါပုပါသကဿ၊ မကောင်းသောဒါယကာ၏။ ကုလူပကော၊ အိမ်သို့ကပ်သောဆရာသည်။ ဟောတိ၊၏ ။ပ။ တဿပါပုပါသကဿ၊၏။ ဝစ္ဆကော၊ နို့စို့နွားငယ်သည်။ဟောတိ၊ ရှိသည်ဖြစ်၏။ တရုဏကော၊ ငယ်နုစွာ၏။ပ။ ဒိဝိစ္ဆာပေါသေယျထာပိ၊ သစ်ငယ်ကဲ့သို့။ စိတြော၊ ပြောက်ကျားသည်။ ဟောတိ၊၏။ပ။ သတ္တန္တံ၊ တစိမ်းစိမ်း။ ဥပနိဇ္ဈာယတိ၊ ရှု၏။ပ။ ဘန္တေ၊အရှင်ဘုရား။ ကိဿ၊ အဘယ်ကြောင့်။ အယျော၊ သခင်သည်။ ဇူမံဝစ္ဆကံ၊ ဤနွားငယ်

ကို။ သက္ကစ္စံဥပနိဋ္ဌာယတိ၊ တစိမ်းစိမ်းရှုသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ ၏။ အာဝုသော၊ဒါယကာ၊မေ၊အား။ (သည် ဟုလည်းပေး)။ ဣမဿ ဝစ္ဆကဿ၊ ၏။စမ္မေန၊ဖြင့်။ (ကို ဟုလည်းပေး)။အတ္ထော။ အလိုရှိ၏။ ဣတိ၊သို့။ အာဟ၊ ၏။ပ။ စမ္မံ၊ကို။ ဝိရုနိတွာ၊ ဖျက်၍။ပ။ ပါဒါသိ၊ ပေး၏။ပ။ ဝစ္ဆဂိဒ္ဓိနီ၊ သားကိုခင်သော။ (သားကို တပ်သော ဟုလည်းပေး)။ သာဂါဝီ၊ ထိုနွားမသည်။ပ။ အနုဂါမိ၊ လိုက်လေ၏။ပ။ အာဝုသော၊ အရှင်။ ကိဿ၊ အဘယ်ကြောင့်။ အယံဂါဝီ၊ သည်။ တေ၊သင်၏။ ပိဋ္ဌိတောပိဋ္ဌိတော၊မှ။ အနုဗန္ဓာ၊ လိုက်သနည်း။ ဣတိ၊ဤသို့။ ပုစ္ဆိ၊၏။ အာဝုသော၊ ငါ့ရှင်။ အဟမ္ပိ၊ သည်လည်း။ ကေနကာရဏေန၊ ကြောင့်။ မေ၊၏။ ပိဋ္ဌိတောပိဋ္ဌိ တော၊မှ။ အယံဂါဝီ၊ သည်။ အနုဗန္ဓာ၊ သည်ကို။ နဇာနာမိ၊မသိ။ ဣတိ၊ဤသို့။ အဝေါစ၊၏။ တေနခေါပနသမယေန၊ ၌။ တဿပါပ ဘိက္ခုနော၊၏။ သံဃာဋိ၊ သည်။ လောဟိတေန၊ ဖြင့်။ မက္ခိတာ၊ သည်။ ဟောတိ၊၏။ပ။ ဘိက္ခဝေ၊တို့။ ဂါဝီစမ္မံ၊ကို။ နဓာရေတဗ္ဗံ၊ အပ်။ပ။ဘိက္ခဝေ၊တို့။ ကိဉ္စိစမ္မံ၊ ကို။ နစဓာရေတဗ္ဗံ၊အပ်။ပ။

၂၅၆။ တေနခေါပနသမယေန၊ ၌။ မနုဿာနံ၊ တို့၏။ မဉ္စမ္ပိ၊ ကိုလည်းကောင်း။ ပီဌမ္ပိ၊ကိုလည်းကောင်း။ စမ္မောနဒ္ဓါနိ၊အရေဖြင့် မွမ်းကုန်သည်။ စမ္မဝိနဒ္ဓါနိ၊အရေဖြင့် ကြက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဘိက္ခူ၊တို့သည်။ကုက္ကုစ္စာယန္တာ၊ မအပ်ဟု အမှတ်ရှိကုန် သည်ဖြစ်၍။နာဘိနိသီဒန္တိ၊မထိုင်ကုန်။ပ။ဂိဟိဝိကဋံ၊ လူတို့၏ ဥစ္စာ ကို။ အဘိနိသီဒိတုံ၊ ထိုင်စိမ့်သောငှါ။ အနုဇာနာမိ၏။အဘိနိပဇ္ဇိ တုံ၊ အိပ်စိမ့်သောငှါ။ နတွေဝအနုဇာနာမိ၊ ငါခွင့်ပြုတော်မမူ။ပ။ ဝိဟာရာ၊တို့ကို။ စမ္မဝဒ္ဓေဟိ၊ သားရေကြိုးတို့ဖြင့်။ ဩဂုမ္ဗိယန္တိ၊ ဖွဲ့ကုန်၏။ (ကျောင်းနံရံကိုပတ်၍ ချည်သည်ကိုယူ)။ပ။ဗန္ဓနမတ္တံ၊ နံရံကိုပတ်၍ ဖွဲ့ကာမျှကို။ အဘိနိသီဒိတုံ၊ မှီ၍နေစိမ့်သောငှါ။ အနု ဇာနာမိ၊ ၏။ တေနခေါပနသမယေန၊ ၌။ ဆဗ္ဗဂ္ဂိယာ၊ကုန်သော။ ဘိက္ခူ၊ တို့သည်။ သဥပါဟနာ၊ ဘိနပ်စီးကုန်လျက်။ ဂါမံ၊သို့။ ပဝိသန္တိ၊ကုန်၏။ပ။ဘိက္ခဝေ၊တို့။ သဥပါဟနေန၊လျက်။ ဂါမော၊

သို့။ နပဝိသိတဗ္ဗော၊အပ်။ ယောဘိက္ခု၊သည်။ ပဝိသေယျ၊ဝြာ့းအံ့။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ–အာပဇ္ဇနံ၊ သည်။ ဟောတိ၊ ၏။ပ။ ဘိက္ခဝေ၊တို့။ ဂိလာနေန၊သော။ ဘိက္ခုနာ၊သည်။ သဥပါဟနေဘ၊ လျက်။ ဂါမံ၊ သို့။ ပဝိသိတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ ၏။ [ဤအရာ၌ ဘိနပ်နှင့်ကင်း၍ မချမ်းသာသော သူကို ဂိလာန ယူအပ်၏]။

၂၅၇။ တေန ခေါ ပန သမယေန၊ ၌။ အာယသ္မာ၊ သော။ မဟာကစ္စာယနော၊သည်။ အဝန္တီသု၊အဝန္တိတိုင်းတို့၌။ (အဝန္တိ၌ နိ့မှာ ပဋ္ဌမကွဲရာ။ အဘိဓာန်ဋီကာ)။ ကုရရဃရေ၊ ကုရရဃရ အမည်ရှိသောပြည်၌။ ပပတကေပဗ္ဗတေ၊ ပပတ အမည်ရှိသော တောင်၌။ ဝိဟရတိ၊ ၏။ပ။ကုဋိကဏ္ဏော၊ ကုဋ္ဋေထိုက်သော နားတန်းဆာကို ဆင်ထသော။ သောဏော၊ သောဏ အမည် ရှိသော။ ဥပါသကော၊ ဒါယကာသည်။ပ။ဥပဋ္ဌာကော၊ အလုပ် အကျွေးသည်။ ဟောတိ၊ ၏။ပ။ဘန္တေ၊ အရှင်ဘုရား။ အယျေန– မဟာကစ္စာယနေန၊ အရှင်မဟာကစ္စည်းထေရ်သည်။ ယထာ ယထာ–ယေနယေနပကာရေန၊ ဖြင့်။ ဓမ္မံ၊ ကို။ ဒေသိတံ၊ ၏။ တထာတထာ–တေနတေန ပကာရေန၊ ဖြင့်။ အဟံ၊ သည်။ အာ ဇာနာမိ၊ သိ၏။ အဂါရံ–အဂါရမဇ္ဈေ၊ ၌။ [အဂါရံ၌ အ,မှာ ဒီဃ,ရဿ နှစ်ချက်သင့်။ သဒ္ဒနီတိစတုပဒ]။ အဇ္ဈာဝသတာ– အဇ္ဈာဝသန္တေန၊ နေသောငါသည်။ ဧကန္တပရိပုဏ္ဏံ၊ စင်စစ်ပြည့် သော။ပ။သင်္ခလိခိတံ၊ခရုသင်းပွတ်သစ်နှင့်တူသော။ဗြဟ္မစရိယံ၊ ကို။ စရိတုံ၊ ငှါ။ နသုကရံ၊ မပြုလွယ်။ပ။ဣတိ၊ဤသို့။ အဝေါစ၊၏။ သောဏ၊သောဏ။ ယာဝဇီဝံ၊ဆုံး။ ဧကသေယျံ၊တယောက်တည်း အိပ်ခြင်းရှိသော။ ဧကဘတ္တံ၊ တထပ်ထည်းစားခြင်းရှိသော။ ဗြဟ္မ စရိယံ၊ သည်။ ဒုက္ကရံ၊ ခဲစွာ၏။ သောဏ၊ သောဏ။ တဋ္ဌေဝ၊ ထိုအိမ်ရာထောင်သော လူ၏ဘောင်၌လျှင်။ အဂါရိကဘူတော၊ လူ ဖြစ်လျက်။ တွံ၊ သည်။ ဗုဒ္ဓါနံ၊ တို့၏။ သာသနံ၊ အဆုံးမတော်ကို။ ဣဃ်အနုယုဉ္ဇ၊ ယှဉ်လော့။ (လုံ့လပြုလော့ ဟုလည်းပေး)။ ကာလ

ယုတ္တံ၊ ဥပုသ်နေ့ စသော ကာလ၌ ယှဉ်သော။ ကေသေယျံ၊သော။
ကောဘတ္တံ၊ သော။ ဖြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ ဇာဿအနု
ယုဉ္ဇ၊ လော့။ ဇာတိ၊ဤသို့။ အဝေါစ၊၏။ အထ-တသ္မိံ ကာလေ၊၌။
ကုဍ္ဍိကဏ္ဍသ၊ ကုဍ္ဍေထိုက်သော နားတန်းဆာကို ဆင်ထသော။
သောဏာသ ဥပါသကဿ၊သောဏအမည်ရှိသော ဒါယကာ၏။
ယောပဗ္ဗဇ္ဇာဘိသင်္ခါရော၊ အကြွင် ရဟန်းပြုပြင်အံ့ဟု ပြုခြင်းသည်။
(အားထုတ်ခြင်းသည် ဟုလည်းပေး)။ အဟောသိ၊ ၏။ သော
ပဗ္ဗဇ္ဇာဘိသင်္ခါရော၊ သည်။ ပဋိပ္ပဿမ္ဘိ၊ ငြိမ်း၏။ပ။တိဏ္ဏံဝဿာနံ၊
မိုဿးသုံးနှစ်တို့၏။ အစ္စယေန၊ သဖြင့်။ ကိစ္ဆေနကသိရေန၊ ဆင်းရဲ
ငြိုငြင်သဖြင့်။ တတော တတော၊ ထိုထိုအရပ်မှ။ ဒသဝဂ္ဂံ၊တကျိပ်
အစုရှိသော။ ဘိက္ခုသံဃံ၊ ကို။ သန္နိပါတာပေတွာ၊ ၍။ပ။ဥပသမ္ပါ
ဒေသိ၊ ၏။ အထ-တသ္မိံ ကာလေ၊ ၌။ ဝဿံဝုတ္ထဿ၊ ဝါကျွတ်
ပြီးသော။ ရဟောဂတဿ၊ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်လေ၍။ ပဋိ
သလ္လီနဿ၊ တယောက်အထည်းတည်း ကိန်းထသော။ အာယသ္မ
တော၊ သော။ သောဏဿ၊ ၏။ စေတသော-စိတ္တဿ၊ ၏။ ဧဝံ၊
ဤသို့။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊၏။ မေမယာ၊သည်။ သော
ဘဂဝါ၊ ကို။ ဧဒိသောစ ဧဒိသောစာတိ၊ ဤသို့ သဘောရှိသော
ရူပကာယကျေးဇူး, ဤသို့သဘောရှိသော ဓမ္မကာယကျေးဇူးတို့ဖြင့်
ပြည့်စုံတော်မူ၏ဟု။ သုတောယေဝ၊ ကြားသည် သာတည်း။
သမ္မုခါ၊ မျက်မှောက်ထင်ထင်။ မယာ၊ငါသည်။ နေဝဒိဋ္ဌော၊မမြင်
စဘူး။ သစေပိ၊ ၍လည်း။ ဥပဇ္ဈာယော၊ သည်။ အနုဇာနေယျ၊
ခွင့်ပြုငြားမူကား။ အရဟန္တံ၊ ရဟန္တာဖြစ်တသော။ သမ္မာသမ္ဗုဒ္ဓံ၊
ခပ်သိမ်းသော ဉေ္ယျဓံတရားတို့ကို အပြားအားဖြင့် ကောင်းစွာ
အလိုလိုသိပြီးထသော။ တံဘဂဝန္တံ၊ကို။ ဒဿနာယ၊ငှါ။ဂစ္ဆေယျံ၊
ငါသွားအံ့။ ဇာတိ၊ ဤသို့။ ပရိဝိတက္ကော၊ သည်။ ဥဒပါဒိ၊ ၏။ပ။
သောဏ၊ သောဏ။ သာဓု-သာဓု၊ ကောင်းစွ ကောင်းစွ။
သောဏ၊ သောဏ။ တွံ၊ သည်။ အရဟန္တံ၊ သော။ သမ္မာသမ္ဗုဒ္ဓံ၊
သော။ တံဘဂဝန္တ၊ ကို။ ဒဿနာယ၊ ငှါ။ ဂစ္ဆ၊ သွားလေလော့။

သောဏ၊ သောဏ။ တွံ၊ သည်။ ဒဿနီယံ၊ သော။ ပါသာဒိကံ၊ ကြည်လင်ဘွယ်ရှိသော။ သန္တိန္ဒြိယံ၊ ငြိမ်သက်သော ဣန္ဒြေလည်း ရှိထသော။ သမန္တမာနသံ၊ ငြိမ်သက်သော နှလုံးတော်လည်း ရှိထသော။ ဥတ္တမဒမထသမထပတ္တံ၊ မြတ်သောပညာ မြတ်သော တည်ကြည်ခြင်းသို့လည်း ရောက်ပြီးထသော။ ဒန္တံ၊ယဉ်ကျေးသော နှလုံးတော်လည်း ရှိထသော။ ဂုတ္တံ၊ စောင့်သော သံဝရသီတင်း လည်း ရှိထသော။ ယတိန္ဒြိယံ၊ အားထုတ်သော ဝီရိယိန္ဒြေလည်း ရှိထသော။ နာဂံ အာဂုဝိရဟိတံ၊မကောင်းမှုလည်းကင်းထသော။ တံ ဘဂဝန္တံ၊ ကို။ တွံ၊ သည်။ ဒက္ခိသသိ၊ ဖူးမြင်ရ လတ္တံ့။ သောဏ၊ သောဏ။ တေနဟိ၊ ထိုသို့သွားပြီး၍ကား။ တွံ၊ သည်။ မမ၊၏။ ဝစနေန၊ ဖြင့်။ ဘဂဝတော၊၏။ ပါဒေ၊ တို့ကို။ သိရသာ၊ ဦးခေါင်းဖြင့်။ဝန္ဒ-ဝန္ဒာဟိ၊ရှိခိုးလေလော့။ ဘန္တေ၊မြတ်စွာဘုရား။ မေ၊၏။ ဥပဇ္ဈာယော၊ ဖြစ်သော။ အာယသ္မာ မဟာကစ္စာနော၊ သည်။ ဘဂဝတော၊၏။ ပါဒေ၊တို့ကို။ သိရသာ၊ ဖြင့်။ ဝန္ဒတိတိ၊ ရှိခိုး၏ဟု။ တွံ၊သည်။ ဝဒ၊ ရှိခိုးလေလော့။ ဝေဒ္ဓ၊ ဤသို့လည်း။ ဝဒေဟိ၊ ကြားလျှောက်ခဲ့လော့။ ဘန္တေ၊ အရှင်ဘုရား။ ဒက္ခိဏာ ပထော၊ဂင်္ဂါမြစ်ကြီး၏တောင်ဘက်ဖြစ်သော။ အဝန္တိ၊အဝန္တိတိုင်း သည်။ အပ္ပဘိက္ခုကော၊ နည်းသောရဟန်းရှိ၏။ မေ၊ သည်။ပ။ ဥပသမ္ပဒံ၊ ကို။ အလတ္ထံ၊ ရအပ်၏။ ဘဂဝါ၊သည်။အဝန္တိဒက္ခိဏာ ပထေ၊ အဝန္တိမည်သောဂင်္ဂါမြစ်၏တောင်ဘက်၌။ အပ္ပတရေန- ဂဏေန၊ နည်းသောဂိုဏ်းဖြင့်။ ဥပသမ္ပဒံ၊ ဥပသမ္ပဒကံကို။ အပ္ပေ ဝနာမ အနုဇာနေယျ၊ ခွင့်ပြုတော်မူပါငြားအံ့လည်းမသိ။ ဘန္တေ၊ အရှင်ဘုရား။ အဝန္တိ၊ အဝန္တိမည်သော။ ဒက္ခိဏာပထော၊သည်။ ကဏှုတ္တရာ၊မည်းသောမြေဖြင့်တက်သော။ ဘူမိ၊မြေသည်။ ခရာ၊ ကြမ်း၏။ ဂေါကဏ္ဋကဟတာ၊ နွားတို့၏ နင်းသောခွါဖြင့် တက် လတ်သော ဆူးနှင့်တူသောမြေတို့ဖြင့် ခတ်လတ်ကုန်၏။ (ထိပါး ကုန်၏ သော်လည်းပေး)။ဘဂဝါ၊သည်။ အဝန္တိဒက္ခိဏာပထေ၊ ၌။ ဂဏင်္ဂဏူပါဟနံ၊ အထပ်ထပ်သောဘိနပ်ကို။ အပ္ပေဝနာမအနု

ဇာနေယျ၊ ခွင့်ပြုတော်မူပြားအံ့လည်းမသိ။ ဘန္တေ၊ဘုရား။ အဝန္တိ
ဒက္ခိဏာပထေ၌။ မနုဿာ၊ လူတို့သည်။ နဟာနဂရုကာ၊ ရေချိုး
ခြင်း၌ အလေးအမြတ်ပြုကုန်၏။ ဥဒကသုဒ္ဓိကာ၊ ရေဖြင့်စင်ခြင်း
ရှိကုန်၏။ ဘဂဝါ၊သည်။ အဝန္တိဒက္ခိဏာပထေ၌။ ဓုဝနဟာနံ၊
မပြတ်ရေချိုးပါရအံ့သည်ကို။ အပ္ပေဝနာမအနုဇာနေယျ၊ လည်း
မသိ။ ဘန္တေ၊ အရှင်ဘုရား။ အဝန္တိဒက္ခိဏာပထေ၌။ ဧဠကစမ္မံ၊
ဆိတ်ကုလား အရေကို လည်းကောင်း။ (သိုးရေသော်လည်းပေး)။
အဇစမ္မံ၊ ဆိတ်မြန်မာရေကိုလည်းကောင်း။ မိဂစမ္မံ၊ သားရေကို
လည်းကောင်း။ စမ္မာနိ၊တို့ကို။ အတ္ထရဏာနိ၊ ခင်းကုန်၏။ ဘန္တေ၊
အရှင်ဘုရား။သေယျထာပိ၊ကား။ မဇ္ဈိမေသုဇနပဒေသု၊မဇ္ဈိမတိုင်း
ဇနပုဒ်တို့၌။ဧရဂူ၊ပြိန်းဖြင့်ယက်သောသပေါ့တို့ကို လည်းကောင်း။
မောရဂူ၊ မြက်ဖြင့်ယက်သောသပေါ့တို့ကိုလည်းကောင်း။ မဇ္ဇာရူ၊
သင်ဖြင့်ယက်သောသပေါ့တို့ကိုလည်းကောင်း။ ဇန္တူ၊ ပိတ်တည်
မြက်ဖြင့် ယက်သောသပေါ့တို့ကိုလည်းကောင်း။ အတ္ထရန္တိယထာ၊
ခင်းကုန်သကဲ့သို့။ ဧဝမေဝ ဧဝံတထာ၊ လည်းကောင်း။ပ။ စမ္မာနိ၊
တို့ကို။ အတ္ထရဏာနိ၊ ခင်းကုန်၏။ (ဧရဂု မြက်သည် အရွက်ကြီး
သောကြောင့် ကြမ်း၏။ မောရဂုမြက်သည် နီသော ခေါင်းရှိ၏။
နူးညံ့သိမ်မွေ့သောအတွေ့ရှိ၏။ ဇန္တုမြက်သည် မြအဆင်းနှင့်တူ၏။
အဋ္ဌကထာ)။ ဘန္တေ၊အရှင်ဘုရား။ အဝန္တိဒက္ခိဏာပထေ၊အဝန္တိ
မည်သောဒက္ခိဏာပထတိုင်း၌။ (ဂင်္ဂါမြစ်ကြီး၏ တောင်ဘက်၌
ဟုလည်းပေး) ဧဠကစမ္မံ၊ ကိုလည်းကောင်း။ပ။ စမ္မာနိအတ္ထရဏာ
နိ၊သားရေအခင်းတို့ကို။ အပ္ပေဝနာမ အနုဇာနေယျ၊ ခွင့်ပြုတော်
မူပြားအံ့လည်းမသိ။ ဘန္တေ၊အရှင်ဘုရား။ ဧတ္ထ၊ ဤအဝန္တိတိုင်း၌။
မနုဿာ၊တို့သည်။ နိဿီမဂတာနံ၊ သိမ်ပသို့သွားလေကုန်သော။
ဘိက္ခူနံ၊ တို့အား။ စီဝရံ၊ကို။ ဒေန္တိ၊ လှူကုန်၏။ ဣမံစီဝရံ၊ ကို။
ဣတ္ထန္နာမဿ၊ဤအမည်ရှိသောသခင်အား။ဒေမာတိ၊လှူကုန်၏ဟု။
ဒေန္တိ၊လှူကုန်၏။ တေဘိက္ခူ၊ ထိုသီတင်းသုံးဘော်ရဟန်းတို့သည်။
အာဂန္တွာ၊လာ၍။ အာဝုသော၊ တို့။ ဣတ္ထန္နာမေဟိ၊ ကုန်သော။

မနုဿေဟိ၊တို့သည်။ စီဝရံ၊ကို။ တေ၊ သင်အား။ ဒိန္နန္တိ၊ လှူလာ
ကုန်၏ဟု။ အာရောစေန္တိ၊ ကြားကုန်၏။ တေဘိက္ခူ၊ တို့သည်။
နော-အမှာကံ၊ တို့အား။ နိဿဂ္ဂိယံ၊သည်။ မာအဟောသီတိ၊
မဖြစ်စေလင့်ဟု။ ကုက္ကုစ္စာယန္တာ၊ မအပ်ဟု အမှတ်ရှိကုန်သည်
ဖြစ်၍။ နသာဒိယန္တိ၊ မသာယာကုန်။ ဘဂဝါ၊သည်။ စီဝရေ၊၌။
ပရိယာယံ၊ အပ်သောအကြွက်ပရိယာယ်ကို။ အပ္ပဝနာမအာစိက္ခေ
ယျ၊ ကြားတော်မူငြားအံ့လည်းမသိ။ ဣတိ၊သို့။ ဝဒေဟိ၊ လျှောက်
ကြားလော့။ ဣတိ၊သို့။ပရိဒဿိ၊ မှာလိုက်၏။ ဘန္တေ၊ အရှင်ဘုရား။
ဧဝံသာဓုတိ၊ကောင်းပြီဟု ။ပ။ ပက္ကမိ၊သွားလေ၏။ပ။ ယသ္မိံဝိဟာ
ရေ၊အကြင်ဂန္ဓကုဋိတိုက်၌။ ဘဂဝါ၊သည်။ ဝိဟာရတိ၊ ၏။ တသ္မိံ
ဝိဟာရေ၌။ပ။သေနာသနံ၊ ကို။ ပညာပေသိ၊ခင်း၏။

၂၅၈။ ။ပ။အာယသ္မန္တံ၊ သော။ သေဏံ၊ကို။ အဇ္ဈေသိ-အာ
ဏာပေသိ၊တိုက်တွန်းတော်မူ၏။ ဘိက္ခု၊ရဟန်း။ ဘာသိတုံ၊ ရွတ်
ခြင်းငှါ။ ဓမ္မော၊သည်။ တံတုယှံ၊ သင်၏ ဉာဏ်ကို။ ပဋိဘာတု၊
ထင်စေလော့။ (ကြားတိုင်းသင်တိုင်းကိုဟောလေဟူလိုသတတ်)။
ဘန္တေ၊အရှင်ဘုရား။ ဧဝံသာဓုတိ၊ကောင်းပြီဟု။ (ဧဝံသဒ္ဒါကား
ဤ၌ သမ္ပဋိစ္ဆနအနက်၌ ဖြစ်သတည်း)။ အာယသ္မာသောဏော၊
သည်။ ဘဂဝတော၊၏။ ဝစနံ၊ ကို။ ပဋိဿုဏိတွာ၊၍။သဗ္ဗာနေဝ၊
အလုံးစုံကုန်သော။ အဋ္ဌကဝဂ္ဂိကာနိ၊ ရှစ်ပါးသောဝဂ်ရှိကုန်သော
ကာမသုတ် အစရှိသည် တို့ကို။ သရေန၊ ထင်သောအသံဖြင့်။
အဘာသိ၊ ရွတ်၏။ပ။ သရဘညမာနပရိယောသာနေ၊ ရွတ်သော
အဆုံး၌။ အဗ္ဘာနုမောဒိ၊ အလွန်ဝမ်းမြောက်တော်မူ၏။ ဘိက္ခု၊
ရဟန်း။သာဓု-သာဓု၊ကောင်း၏ ကောင်း၏။ဘိက္ခု၊ရဟန်း။ တေ၊
သင်သည်။ အဋ္ဌကဝဂ္ဂိကာနိ၊ ရှစ်ပါးသောဝဂ်ရှိသောကာမသုတ်
အစရှိသည်တို့ကို။ ခေါ၊ အဟုတ်လျှင်။ သုဂဟိတာနိ၊ ကောင်းစွာ
သင်အပ်ကုန်၏။ သုမနသိကတာနိ၊ ကောင်းစွာ နှလုံးသွင်းအပ်
ကုန်၏။ သုပဓာရိတာနိ၊ ကောင်းစွာဆောင်အပ်ကုန်၏။ ကလျာ
ဏိယာ၊ ဌာန်ကရိုဏ်းစသည် ပြည့်စုံသဖြင့် ကောင်းထသော။

ဝါစာယပိ၊စကားအသံနှင့်လည်း။သမ္ပန္နာဂတော၊၏။ဝိဿဋ္ဌာယ၊ သန့်ရှင်းသော။ (လွတ်လွတ်ရွတ်ခြင်းရှိသော သော်လည်းပေး)။ အနေလ ဂလာယ၊အပြစ်လည်းမရှိလိမ့်လည်းခြင်းလည်းမရှိသော။ အတ္ထဿ၊ကို။ ဝိညာပနိယာ၊သိစေတတ်သော။ ဝါစာယပိ၊လည်း။ သမ္ပန္နာဂတော၊၏။ ဘိက္ခု၊ရဟန်း။ တွံ၊သင်ကား။ ကတိဝဿော သိ၊အဘယ်မျှဝါရှိပြီနည်း။ ဣတိ၊သို့။ ပုစ္ဆိ၊မေးတော်မူ၏။ဘဂဝါ၊ မြတ်စွာဘုရား။ အဟံ၊ အကျွန်ုပ်ကား။ ဧကဝဿော၊ တဝါရှိပြီ။ ဣတိ၊သို့။ အဝေါစ၊ ၏။ ဘိက္ခု၊ရဟန်း။ တွံ၊ သင်ကား။ ကိဿပန၊ အဘယ့်ကြောင့်။ ဧဝံစိရံ၊ဤသို့မြင့်ရှည်စွာလျှင်။ အကာသိ၊ ပြုသ နည်း၊ ဣတိ၊ ဤသို့။ ပုစ္ဆိ၊၏။ [အမိပ္ပါယ်ကား အသက်နှင့်ဝါ မတန် ဟူလိုသတည်း။ ထိုရောအခါ အရှင်သောဏ အသက် လေးဆယ်လေးနှစ်ခွဲရှိသဘတ်။ ဝိမတိဝိနောဒနီ]။ ဘန္တေ၊အရှင် ဘုရား။မေ-မယာ၊ သည်။ ကာမေသု၊ တို့၌။ အာဒီနဝေါ၊ကို။ စိရံ ဒိဋ္ဌော၊ ကြာမြင့်သော မြင်ခြင်းရှိ၏။ အပိစ၊ ထိုသို့ကြာမြင့်၏ရှင့်။ ဃရာဝါသော၊ အိမ်ရာထောင်သော လူ၏ဘောင်၌နေသော သူတို့ သည်။ သမ္ဗာဓော၊ ကျဉ်းမြောင်းကုန်၏။ ဗဟုကိစ္စာ၊ များသောကိစ္စ ရှိကုန်၏။ ဗဟုကရဏီယာ၊ များသော ပြုဘွယ်ရှိကုန်၏။ ဣတိ- တသ္မာ၊ ထိုကြောင့်။ ဧဝံ၊ ဤသို့။ အကာသိ၊ ကြီးမှ ရဟန်း ပြုသတည်း။ပ။

လောကေ၊ လူ၌။ အာဒီနဝံ၊ အပြစ်ကို။ဒိသွာ၊၍။ နိရုပဓိ၊ဥပဓိ ကင်းသော။ ဓမ္မံ၊နိဗ္ဗာန်တရားကို။ ဉတွာ၊၍။ (ကြောင့် ဟုလည်း ပေး)။ အရိယော၊ သူတော်ကောင်းဖြစ်သောသူသည်။ ပါပေ၊ မကောင်းမှု၌။ နရမတိ၊ မမွေ့လျော်။ သုစိ၊ စင်ကြယ်သော ပုဂ္ဂိုလ် သည်။ သာသနေ၊၌။ ရမတိ၊ မွေ့လျော်၏။ ဣတိ၊ ဤသို့။ ဥဒါနံ၊ နှစ်လိုသောဥဒါန်းကို။ ဥဒါနေသိ၊မြွက်တော်မူ၏။

အထ၊၌။ အာယသ္မာသောဏော၊သည်။ ဘဂဝါ၊ ဘုန်းတော် ကြီးသောဘုရားမြတ်သည်။ မံ၊ကို။ ပဋိသမ္မောဒတိ၊ ဝမ်းမြောက် တော်မူ၏။ အယံကာလော၊ ဤယခုအခါကား။ မေ-မမ၊ အား၊

(၏လည်းပေး)။ ဥပဇ္ဈာယော၊ သည်။ ယံသာသနံ၊ အကြင်
သတင်းစကားကို။ပရိဒဿိ၊မှာလိုက်၏။တံသာသနံ၊ကို။ဝစနာယ၊
ကြားလျှောက်ခြင်း၏။ကာလော၊သည်။ အယဘာဝေယျ၊၏။ဣတိ၊
ဤသို့။ အာသနာ၊မှ။ ဥဋ္ဌာယ၊ ၍။ တံဝစနံ၊ကို။ အဝေါစ၊ ၏။
(ဤမှ အထက်ကား ရှေးအတူ)။ပ။

၂၅၉။ ဘိက္ခဝေ၊တို့။ သဗ္ဗပစ္စန္တိမေသု၊ကုန်သော။ဇနပဒေသု၊
ဇနပုဒ်တို့၌။ဝိနယဓရပဉ္စမေန၊ဝိနည်းဓိုရ်လျှင်ငါးယောက်မြောက်ရှိ
သော။ဂဏေန၊ဂိုဏ်းဖြင့်။ ဥပသမ္ပဒံ၊ ပဉ္စင်းခံစိမ့်သည်ကို။ အနုဇာ
နာမိ၊၏။တတြတသ္မိံ ဝစနေ၊၌။ပစ္စန္တိမာဇနပဒါ၊ပစ္စန္တရစ် ဇနပုဒ်
တို့ကား။ ပုရတ္ထိမာယ ဒိသာယ၊၌။ ဂဇင်္ဂလံနာမ၊ ဂဇင်္ဂလအမည်
ရှိသော။ နိဂမော၊ နိဂုံးရွာသည်။အတ္ထိ၊ရှိ၏။ တဿနိဂမဿ၊၏။
ပရေန၊ ပြင်ပမှ။ မဟာသာလာ၊အင်ကြင်းပင်ကြီးသည်။ အတ္ထိ၊၏။
တတော၊ ထိုအင်ကြင်းပင်ကြီးမှ။ပရာ၊ ပြင်ကား။ ပစ္စန္တိမာဇနပဒါ၊
ပစ္စန္တရစ်ဇနပုဒ်တို့တည်း။ ဩရတော၊ အတွင်းကား။ မဇ္ဈေ၊ မဇ္ဈိမ
တိုင်းတည်း။ ပုရတ္ထိမဒက္ခိဏာယဒိသာယ၊၌။ သလ္လဝတီနာမ၊
သော။ နဒီ၊ သည်။ အတ္ထိ၊ ၏။ တတော၊ ထိုသလ္လဝတီမြစ်မှ။
ပရာ၊ ကား။ ပစ္စန္တိမာဇနပဒါ၊ တို့တည်း။ ဩရတော၊ကား။
မဇ္ဈေ၊တည်း။ဒက္ခိဏာယ ဒိသာယ၊၌။သေတ ကဏ္ဏိကံနာမ၊သော။
နိဂမော၊သည်။ အတ္ထိ၊၏။ တတော၊ ထိုနိဂုံးမှ။ ပရာ၊ကား။ ပစ္စန္တိ
မာဇနပဒါ၊ တို့တည်း။ ဩရတော၊ကား။ မဇ္ဈေ၊တည်း။ ပစ္ဆိမာယ
ဒိသာယ၊၌။ထူနံနာမ၊ သော။ ဗြာဟ္မဏ ဂါမော၊သည်။အတ္ထိ၊၏။
တတော၊ ထိုထူန မည်သောပုဏ္ဏားရွာမှ။ ပရာ၊ကား။ ပစ္စန္တိမာ
ဇနပဒါ၊ တို့တည်း။ ဩရတော၊ကား။ မဇ္ဈေ၊ တည်း။ ဥတ္တရာယ
ဒိသာယ၊၌။ ဥသီရဒ္ဓဇောနာမ၊ သော။ ပဗ္ဗတော၊ သည်။အတ္ထိ၊၏။
တတော၊ ထိုဥသီရဒ္ဓဇမည်သော တောင်မှ။ ပရာ၊ကား။ ပစ္စန္တိမာ
ဇနပဒါ၊ တို့တည်း။ ဩရတော၊ ကား။ မဇ္ဈေ၊တည်း။ပ။ ဘိက္ခဝေ၊
တို့။ ဣမေပနသာသနေ၊ ၌။ မနုဿာ၊ တို့သည်။ နိဿိမဂတာနံ၊
ကုန်သော။ ဘိက္ခူနံ၊တို့အား။ ဣမံစီဝရံ၊ကို။ ဣတ္ထန္နာမဿ၊ အား။

ဒေမာတိ၊ဟူ၍။ စီဝရံ၊ကို။ ဒေန္တိ၊ ကုန်၏။ ဘိက္ခဝေ၊တို့။ ယာဝ၊ လောက်။ ဟတ္ထံ၊ သို့။ နဂစ္ဆတိ၊ မရောက်သေး။ တာဝ၊ လောက်။ ဂဏနူပဂံ၊ အဓိဋ္ဌာန်တင်အပ်သော အရေအတွက်သို့ ရောက်သည်။ နဟောတိ၊မဖြစ်။ သာဒိတုံ၊ ဒါယကာတို့ လှူသောသင်္ကန်းကို သာယာစိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ ဣတိ၊ ဤသည်လျှင် အပြီးတည်း။

ပဉ္စမော၊သော။ စမ္မက္ခန္ဓကော၊သည်။ နိဋ္ဌိတော၊ပြီ။

---

## ဥဒါန်း

တဿ၊ ထိုဝတ္ထု၏။ ဥဒ္ဒါနံ၊ဥဒါန်းကား။ အသီတိသဟဿိဿရော၊ ရှစ်သောင်းသော ရွာတို့ကို အစိုးရသော။ မာဂဓော ရာဇာ၊ မဂဓရာဇ်မင်းသည်။ သောဏော၊ သောဏ သေဌ္ဌေးသားသည်။ အာမဂစ္ဆတူတိ၊တည်းဟု။ ပါဟေသိ၊တမန်လွှတ်၏။ သာဂတော၊ သာဂတထေရ်သည်။ ဂိဇ္ဈကူဋသ္မိံ၊ဂိဇ္ဈကုဋ်တောင်၌။ဗဟုံ၊များစွာ။ ဥတ္တရိံ၊ လူတို့၏ ကုသိုလ်ဆယ်ပါးထက်လွန်သော တန်ခိုးကို။ ဒဿေတိ၊ ပြ၏။ ။ပဗ္ဗဇ်၊ ရဟန်းပြုလေ၏။ အာရဒ္ဓ၊ အလွန်အားထုတ်၍။ ဘိဇ္ဇိံသု၊ ခြေကွဲခဲ့ကုန်၏။ ဝီဏာ-ဝီဏူပမံ၊ စောင်း ဥပမာကို။ ကထေသိ၊ မိန့်တော်မူ၏။ (ထည့်)။ ဧကပလာသိကံ၊ တထပ်သော ဘိနပ်ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ (ထည့်)။ နီလပီတာ၊အလုံးစုံညိုသောဆိုးရေဖြင့် တပ်သောဘိနပ် ရွှေသော ဆိုးရည်ဖြင့်တပ်သော ဘိနပ်တို့ကိုလည်းကောင်း။လောဟိတိကာ၊ နီသောဆိုးရည်ဖြင့် တပ်သော ဘိနပ်တို့ကိုလည်းကောင်း။ မဉ္ဇိဋ္ဌာ၊ မောင်းသော ဆိုးရည်ဖြင့် တပ်သော ဘိနပ် တို့ကို လည်းကောင်း။ ကဏှမေဝစ၊ မည်းသောဆိုးရည်ဖြင့် စွန်းသော ဘိနပ်ကိုလည်း ကောင်း။ ။မဟာရင်္ဂမဟာနာမာ၊ ကင်းသန်း ကျောက်ကုန်း အဆင်း ဖက်ရွက်ရော် အဆင်းနှင့်တူသောဆိုးရည်ဖြင့်တပ်သော ဘိနပ်တို့ကိုလည်းကောင်း။ ဝဒ္ဓိကာစ၊ ထိုခပ်သိမ်းသော ဆိုးရည်

တို့ဖြင့်တပ်သော အသည်းရှိသော ဘိနပ်တို့ကို လည်းကောင်း။ ပဋိက္ခိပ်၊ ပယ်တော်မူ၏။ ခလ္လကာ၊ ဖနောင့်ဖုံးတပ်သော ဘိနပ် တို့ကိုလည်းကောင်း။ ပုဋပါလိစ၊ပန်းသေး ခြေထုပ်ကဲ့သို့ သလုံးဖုံး ရှိသော ဘိနပ်တို့ကို လည်းကောင်း။ တူလတိတ္တိရမေဏ္ဍဇာ၊လဲဘုံ သွတ်သော ဘိနပ် ခါတောင်ကဲ့သို့ ပြောက်သော ဘိနပ် ဆိတ် ကုလားဦးချိုကဲ့သို့ အသည်းတပ်သော ဘိနပ်တို့ကိုလည်းကောင်း။ ဝိစ္ဆိကာ၊ ကင်းမြီးကောက်လက်မကဲ့သို့ အသည်းတပ်သော ဘိနပ် တို့ကိုလည်းကောင်း။ မောရပိဉ္ဆပရိသိဗ္ဗိတ၊ဥဒေါင်းမြီးရင်းဖြင့်ချုပ်သော ဘိနပ် ဆန်းကြယ်သော ဘိနပ်တို့ကိုလည်းကောင်း။ သီဟဗျဂ္ဃဒီပိအစ္ဆ၊ ခြင်္သေ့ရေ ကျားရေတို့ဖြင့် အနားပတ်သော ဘိနပ်တို့ကိုလည်း ကောင်း။ ဒီပိကာ၊ သစ်ရေဖြင့် အနားပတ်သောဘိနပ်တို့ကိုလည်း ကောင်း။ အဇိနဒ္ဒီ၊ သစ်နက်ရေ ဖျံရေတို့ဖြင့် အနားပတ်သော ဘိနပ်တို့ကိုလည်းကောင်း။ မဇ္ဇာရိစ၊ ကြောင်ရေဖြင့် အနားပတ် သော ဘိနပ်တို့ကိုလည်းကောင်း။ ကာဠလုဝပရိက္ခဋာ၊ရှဉ့်နက်ရေ ရှူးရေတို့ဖြင့် အနားပတ်သောဘိနပ်တို့ကိုလည်းကောင်း။ ပဋိက္ခိပ်၊ ပယ်တော်မူ၏။ ။ဖါလိတ၊ခြေကွဲသောရဟာန်း။ ဥပါဟနာ၊ဘိနပ် စီးကုန်လျက်။ စင်္ကမန္တိ၊ ကုန်၏။ ခိလ၊ ဖဝါး၌ အသားထွက်သော အနာ။ အခေါတာ၊ ခြေမဆေးဘဲ ညောင်စောင်းအင်းပျဉ်သို့ တက်ခြင်း။ ခါဏု၊ငြောင့်သစ်ငုတ်ကို။ အက္ကမန္တိ၊နင်းမိလေကုန်၏။ ခဋခဋာ၊ တခုတ်တခုတ်မူကုန်လျက်။ စင်္ကမန္တိ၊ ကုန်၏။ တာလ၊ ထန်းပတ်ခြေနင်း။ ဝေဠု၊ ဝါးပတ်ခြေနင်း။ တိဏပဒ္ဓ၊ မြက် ခြေနင်း။ မုဉ္ဇ၊ ဖြူဆံခြေနင်း။ ပဗ္ဗဇ၊ ပြိန်းမြက်ခြေနင်း။ ဟိန္တာလ၊ သင်းပေါင်း ခြေနင်း။ (ခနန်း ခြေနင်းလည်း ပေး)။ ကမလ၊ တောင်ကြာခြေနင်း။ (ကမလမည်သော မြက်ခြေနင်းသော်လည်း ပေး)။ ကမ္ဗလ၊ ကမ္ဗလာခြေနင်း။ သောဝဏ္ဏ၊ ရွှေခြေနင်းတို့ကို လည်းကောင်း။ ရူပိကာ၊ ငွေခြေနင်းတို့ကို လည်းကောင်း။ မဏိ၊ ပတ္တမြားခြေနင်းတို့ကိုလည်းကောင်း။ ဝေဠုရိယာ၊ ကြောင်မြက်ရွဲ ခြေနင်းကိုလည်းကောင်း။ ဖလိကာ၊ဖလ်ခြေနင်းကိုလည်းကောင်း။

ကံသ၊ ကြေးဖြူခြေနင်းကိုလည်းကောင်း။ ကာစာစ၊ စဥ့်ခြေနင်းကို လည်းကောင်း။ တိပု၊ သလွဲစင်ခြေနင်းကိုလည်းကောင်း။ သီသဇ္ဇ၊ သလွဲမည်းခြေနင်းကိုလည်းကောင်း။တမ္ဗကာ၊ကြေးနီခြေနင်းတို့ကို လည်းကောင်း။ ပဋိက္ခိပိ၊ ပယ်တော်မူ၏။ ။ဂါဝီ၊ နွားမ တို့ကို။ အဘိရူဟန္တိ၊ စီးကုန်၏။ ယာနံ၊ ယာဉ်ကို။ အဘိရူဟန္တိ၊ ကုန်၏။ ဂိလာနေ‌ာစ၊ နာသော ရဟန်းကိုလည်း။အနုညာတော၊ခွင့်ပြုတော် မူအပ်၏။ ပုရိသယုတ္တ၊ အဖိုကသောယာဉ်။ သိဝိကာ၊ထမ်းစင်ကို။ အနုဇာနာမိ၊ ၏။ သယနာနိ၊ မြင့်သော မြတ်သော အိပ်ရာ နေရာ တို့ကိုလည်းကောင်း။ မဟာစမ္မာ၊ ခြသေ့်သစ်ကျားတို့၏ အရေကို လည်းကောင်း။ ဂေါစမ္မေဟိစ-ဂေါစမ္မေ၊ နွားရေတို့ကိုလည်း ကောင်း။ ပဋိက္ခိပိ၊ ပယ်တော်မူ၏။ ပါပကော၊ မကောင်းသော ရဟန်းကို။ ဂရဟိတော၊ ၏။ ။ဂိဟီနံ၊ လူတို့ ဥစ္စာဖြစ်သော သားရေကို။ အဘိနိသီဒိတဗ္ဗံ၊ မှီ၍ နေအပ်၏။ [အိပ်သော်ကား မအပ်ဟူလိုသတည်း)။ ။စမ္မဝဒ္ဓေဟိ၊ သားရေကြိုးတို့ဖြင့်။ဩဂုမ္ဖိယန္တိ၊ ဖွဲ့ကုန်၏။ ပဝိသန္တိ၊ ဘိနပ်စီး၍ ရွာတွင်းသို့ ဝင်ကုန်၏။ ဂိလာယနေ‌ာ၊ နာသောရဟန်းအား။ အနုဇာနာမိ၊ ခွင့်ပြုတော် မူ၏။ မဟာကစ္စာယနံ၊ကို။ သောဏော၊သောဏသည်။ အဝေါစ၊ ပန်လျှောက်၏။ သရေန၊ ထင်သောအသံဖြင့်။ အဋ္ဌဝဂ္ဂိကံ၊ ဝဂ် ရှစ်ပါးရှိသော ကာမသုတ်ကို။ အဘာသိ၊ ရွတ်၏။ ။ပဉ္စဟိ၊ ငါးယောက်သော ဂိုဏ်းတို့ဖြင့်။ ဥပသမ္ပဒံ၊ ပဉ္စင်းခံစိမ့်သည်ကို လည်းကောင်း။ ဂဏံ-ဂဏာပိ၊ အထပ်ထပ်သော ဘိနပ်ကို လည်းကောင်း။ ဓုဝသိနာ။ မပြတ်ရေချိုးခြင်းကို လည်းကောင်း။ စမ္မတ္ထရဏံ၊ သားရေအခင်းကိုလည်းကောင်း။ အနုညာသိ၊ ခွင့်ပြု တော်မူ၏။ တာဝပဌမံ၊လက်သို့မရောက်သေး၍။ (မရောက်မီလည်း ပေး)။ ဂဏာနုပဂံ၊ အမိဋ္ဌာန်လောက်သော အရေအတွက်သို့ ရောက်သည်။ နဟောတိ၊ မဖြစ်။ ဇူမေပဥ္စဝရေ၊ ဤငါးပါးသော ဆုတို့ကို။ သောဏတ္ထေရဿ၊ အား။ နာယကော၊ လူနတ်တို့ကို

နိဗ္ဗာန်သို့ ဆောင်ပေတတ်သော ဘုရားသည်။ အဒါသိ၊ပေးတော်မူ၏။ ဣတိ၊ ဤသည့်လျှင် အပြီးတည်း၊

ဣမမှိစမ္ဗကန္ဒကေ၊ဤခန္ဒက၌။ ဝတ္ထူ၊ ဝတ္ထုတို့ကား။ တေသဋ္ဌိ၊ ခြောက်ဆဲ့သုံးပါးတို့တည်း။

စမ္ဗကန္ဒကော၊သည်။ နိဋ္ဌိတော၊ပြီးပြီ။

---

**အမှာ** ဤ ခန္ဒက၌ ပကိဏ္ဏက အဓိပ္ပါယ်ကို ရေးဦးအံ့။ အလုံးစုံဖြူသော ဘိနပ်သည် အကပ္ပိယဘိနပ်ကို ပညတ်ရာ၌ မပါသောကြောင့် အပ်သည်ဟူ၍ ယူရန်ရှိ၏။ ထိုသို့ရှိသော်လည်း ခုဒ္ဒသိက္ခာအဋ္ဌကထာ၌ မအပ်ဟူ၍ ပြလျက်ရှိသောကြောင့် အလုံးစုံဖြူသော ဘိနပ်ကိုလည်း ရှောင်ကြဉ်မှ ကုက္ကုစ္စသံသယကင်းရာသည်။ ဤတွင် စကားတရပ်, မဟာသယနအရာ၌ ပညတ်တော်မူအပ်သော အကပ္ပိယအခင်းတို့တွင်ဂေါနကအခင်းကို စမ္ဗကန္ဒကအဋ္ဌကထာ၌''ဂေါနကာတိ ဒီဃလောမကောမဟာကောဇဝေါ စတုရင်္ဂုလာဓိကိရတဿ လောမာနိ''ဟူ၍ ပြသည်။ ယင်းသို့ ပြသောအရာကို သာရတ္ထဒီပနီ ဋီကာ၌ လက်လေးသစ်ထက်အလွန် အမွေးရှည်သော နက်မည်းသောဂေါနကကော်ဇောကြီးသည်မအပ်။ လက်လေးသစ်အောက်ယုတ်သော ကော်ဇောသည် အပ်၏။ ဤသို့ကပ္ပိယ–အကပ္ပိယနှစ်ဌာနပိုင်းခြား၍ပြသည်။ ဝိမတိဋီကာ၌ကား ထိုကဲ့သို့မပြ။ လက်လေးသစ်ထက် လွန်လျှင် ဂေါနက, လက်လေးသစ်အောက် ယုတ်လျှင် ဥဒ္ဒလောမိ, ဧကန္တလောမိ,ဟု အကပ္ပိယအခင်းအရာမှာသာ ပြခဲ့သည်။ ထိုသို့ပြရာ၌ သာရတ္ထဒီပနီဆရာသည် ဝမ်းအပြင် ကျောအပြင်သို့ ထွက်သော အမွေးကိုရည်၍ပြသည်။ဝိမတိဝိနောဒနီဆရာသည် ခြေရင်း ခေါင်းရင်းသို့ ထွက်သောအမွေးကို ရည်၍ပြသည်။ ဤသို့ခွဲ၍ ဋီကာနှစ်ရပ် မဆန့်ကျင်အောင် အဓိပ္ပါယ်ယူရမည်။

သာရတ္ထဒီပနီဝါဒနှင့် အလားတူလာသော အရာကို ပြဦးအံ့၊ စီဝရက္ခန္ဒက အဋ္ဌကထာ၌ ''အနုဇာနာမိ ဘိက္ခဝေ ကောဇဝန္တိ

ဇတ္တေ ပကတိကောဇဝ မေဝ ဝဋ္ဋတိ။ မဟာပိဋ္ဌိယကောဇဝံ နဝဋ္ဋတိ''ဟူ၍လည်းကောင်း, ၎င်းအဖွင့် သာရတ္ထဒီပနီဋီကာ၌''မဟာပိဋ္ဌိယကောဇဝန္တိ ဟတ္ထပိဋ္ဌိသု အတ္ထရိတဗ္ဗတာယ မဟာပိဋ္ဌိယန္တိ လဒ္ဓသာမညံ စတုရင်္ဂုလပုပ္ဖံ'' ဟူ၍ လည်းကောင်း လာသည်။ အဓိပ္ပါယ်မှာလက်လေးသစ်အောက် ယုတ်သော ကော်ဇောသည် အပ်၏။ လက်လေးသစ်အပွင့် ရှိသော ကော်ဇောသည် မအပ်ဟု ပြရာ၌ ပုပ္ဖံဟူသော သဒ္ဒါရိပ်ကို ထောက်၍ဝမ်း အပြင်ကျောအပြင်သို့ ထွက်သော အမွေးကို ယူရမည်။ ဝဇိရဗုဒ္ဓိ၌ စတုရင်္ဂုလာဓိကာနီတိ ဝုတ္တတ္တာ စတုရင်္ဂုလတော ဟေဋ္ဌာဝဋ္ဋတီတိဧဝေ'' ဟူ၍ လည်းကောင်း။ ''မဟာပိဋ္ဌိယကောဇဝံနာမအတိရေက စတုရင်္ဂုလပုပ္ဖံကိရ''ဟူ၍လည်းကောင်း။ ခုဒ္ဒသိက္ခာဋီကာဟောင်း၌လည်း ''စတုရင်္ဂုလာဓိကလောမောကောဇဝေါ ဂေါနကောတိ ဝုစ္စတိ။ အနုဇာနာမိ ဘိက္ခဝေ ကောဇဝန္တိစီဝရက္ခန္ဓကေ ဝုတ္တတ္တာ စတုရင်္ဂုလလောမကံ ပကတိကောဇဝံ ဝဋ္ဋတိ'' ဟူ၍ လည်းကောင်း လာသည်။ ဤဋီကာနှစ်ရပ်တို့၌လာသောအရာသည်လည်း ယခင်ရှေး၌ ပြအပ်ပြီးသော စကားနှင့်မကွဲမပြား အတူတူပင် ဖြစ်သည်။ ဝိနယတ္ထမဉ္ဇူသာဋီကာ၌ ကပ္ပိယပစ္စတ္ထရဏ ကော်ဇော အရာမှာ ဥဒ္ဓလောမိဧကန္တလောမိကော်ဇောကိုပြခဲ့သည်။ ခန္ဓဝဂ္ဂ သံယုတ်အဋ္ဌကထာ၌ ဂေါနက ကော်ဇောကိုပင် မဟာပိဋ္ဌိ ကော်ဇောဟု ပြခဲ့သည်။ ထိုသို့ပြသော အရာများမှာလည်း ဝမ်းအပြင် ကျောအပြင်သို့ထွက်သော အမွေးကိုပင် ယူရမည်၊ အရပ်ရပ်လာသော ကျမ်းဂန်တို့ကိုထောက်၍ ဆိုလိုရင်းမှာ ဝမ်းအပြင် ကျောအပြင်သို့ ထွက်သောအမွေးဖြစ်ခဲ့မူ လက်လေးသစ်ကစ၍ အထက်ကို မအပ်။ လက်လေးသစ်အောက် ယုတ်မူ အပ်၏ဆိုလိုသည်။ ဤသို့အဓိပ္ပါယ် ယူမှ စီဝရက္ခန္ဓက၌ ''အနုဇာနာမိ ဘိက္ခဝေ ကောဇဝံ'' ဟူ၍ မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော ကော်ဇောကိုရှာ၍ ရသည်ဟူလို။ ပြအပ်ပြီးသော အခင်းတို့ကားသန္တတ မဟုတ်။ ဝါယိမ အခင်းတို့တည်း။

⁘ ဝါယိမ ယူသင့်သည်ကို ပြလတ္တံ့သော ယုတ္တိဖြင့် သိရမည်။ စမ္ဗကန္ဒကပါဠိတော်၌ ရှေးဦးစွာ လာသော ခြေဘဝါး၌ အမွေးရောက်သော အရှင်သောဏ ထေရ်သည် ဥဏ္ဏပါဝါရကို လှူခဲ့ဘူးသော ကောင်းမှုကြောင့် အကြောင်းနှင့်တူစွာ အကျိုးပေး၍ ခြေဘဝါး၌အမွေးရောက်သည်ဟု စမ္ဗကန္ဒကအဋ္ဌကထာ၌ပြသည်။ ၎င်းအဖွင့် ဝိမတိဝိနောဒနီ ဋီကာ၌ ပါဝါရအရမှာ ဝါယိမကိုပြခဲ့သည်။ ထိုသို့ ပြသောအရာကို ထောက်၍ ပြအပ်ပြီးသော အခင်းတို့မှာ ဝါယိမ ယူအပ်ကြောင်းကို သိရမည်။ ကင်္ခါဝိတရဏီအဋ္ဌအဋ္ဌကထာ၌ "ပစ္စတ္ထရဏံနာမ ပါဝါရောကောဇဝေါတိဧတ္တကမေဝ" ဟူ၍လည်းကောင်း စီဝရက္ခန္ဒက အဋ္ဌကထာ၌ "ပါဝါရောတိ သလောမကော ကပ္ပါသာဒိ ဘေဒေါ" ဟူ၍ လည်းကောင်း "ကောဇဝန္တိ ဥဏ္ဏမယော ပါဝါရသဒိသော" ဟူ၍ လည်းကောင်း ပြသောကြောင့် ကပ္ပါသပါဝါရ, ကောသေယျပါဝါရ, ကောဇဝ, ဤဝါယိမ သုံးပါးသည် အခင်းအမြိုနှစ်ပါးနှင့်ဆက်ဆံကြောင်းကို သိအပ်၏။ ။ဥဒ္ဒလောမိ ဧကန္တလောမိ အခင်း၌ ဝိနည်း အဋ္ဌကထာမှာ တဘက်တက်သော အမွေးကိုရှေ နှစ်ဘက်တက်သော အမွေးကို နောက်ထား၍ ဖွင့်၏။ ။သုတ္တန်အဋ္ဌကထာမှာ ထိုကဲ့သို့မဟုတ် ရှေနောက်ပြန်၍ ဖွင့်သည်။ဤမျှသာ ဝိနည်းအဋ္ဌကထာနှင့် သုတ္တန်အဋ္ဌကထာထူးသည်။ အမွေးအဆာကို ပြသော အရာမှာ သဘောအဓိပ္ပါယ်မထူး။ သဒ္ဒပညတ် အတ္ထပညတ်မျှသာထူးသည်ဟုသတိမူ။ဤတွင်ဂေါနကအခင်း ဥဒ္ဒလောမိအခင်း ဧကန္တလောမိအခင်း သုံးပါးပြီး၏။ ကုဋ္ဋကအခင်းအရမှာ ဥဒ္ဒလောမိ ဧကန္တလောမိအခင်းကိုပင် အဘိဓာန်၌ပြသည်။ တကျိပ်ခြောက်ယောက်သော ကချေသည်တို့ ရပ်၍ ကလောက်ခြင်းကြောင့် ကုဋ္ဋကဟူသော အမည်ထူးကိုရသည်။ ထိုအခင်းမှာ ပမာဏကြီးသည်ကို ပဓာနပြု၍ အကပ္ပိယကိုယူ။ ကုဋ္ဋကအခင်းပြီး၏။စိတ္တကအခင်းမှာ စမ္ဗကန္ဒက အဋ္ဌကထာ၌ "စိတ္တကန္တိ ဝါဠရူပစိတြော ဥဏ္ဏာမယတ္ထရဏော" ဤမျှသာ ပြသည်။ဝိမတိဝိနောဒနီ၌ "ဝါဠရူပစိတြော ဥဏ္ဏာ

မယတ္တ ရဏောတိ နာနာဝဏ္ဏေဟိ ဥဏ္ဏာမယသုတ္တေဟိ ဘိတ္တိ ဆေဒါဒိ ဝသေန ဝါယိတွာ ကတပစ္စတ္ထရဏော''ဟူ၍ ပြသည်။ အဓိပ္ပါယ်မှာ အထူးထူးသော အဆင်းရှိသော သားမွေးချည်တို့ဖြင့် နံရံဖြတ်ခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့်ယက်၍ ပြုအပ်သော အခင်းတည်း။ ဖြတ်သည်ဟူ၍ ဆိုသော အရာမှာ တမျဉ်းကြိုးခတ်သကဲ့သို့ အကြောင်းအရေးထင်အောင် အထူးထူးသော အဆင်းရှိသော သားမွေးတို့ဖြင့် တန့်၍တန့်၍ ယက်သည်ကို ယူရမည်။ ဤဋီကာ အလိုအားဖြင့် ဒန္တဇပဉ္စမကွရာနနှင့် ဝါနစိတြော ရှိသင့်သည်။ ''စိတ္တကံ ဝါဠူစိတြော ဥဏ္ဏာမယတ္ထရဏော ဥဏ္ဏာဠေကလောမံ''။ ခုဒ္ဒသိက္ခာဋီကာသစ်။ဤဋီကာ၌လည်း သားမွေးတို့ဖြင့် ဆန်းကြယ်သော အခင်းကို စိတ္တကဟု ပြသည်။ ယင်းသို့ပြသော အရာမှာ ယခင် ပြအပ် ပြီးသော ဝိမတိဝိနောဒနီနှင့် အဓိပ္ပါယ်တူ။

ဆရာမြတ်တို့ကား ဝါဠူစိတြောပုဒ်၌ ဝါဠူသဒ္ဒါကို သားမြီးဟောကြံ၍ သားမြီးတို့ဖြင့် ဆန်းကြယ်သော သားမွေးဖြင့်ပြီးသော အခင်းဟု ယူတော်မူ၏။ ''ဝါဠေနကတာဝိဇနီဝါဠူဝိဇနီ'' ဟူ၍ အဘိဓာန်ဋီကာ၌ ပြသည်ကို ယူတ္တိယူရိပ်ရှိသည်။ ဤတွင် စကားတရပ်။ သီလက္ခန် ဋီကာဟောင်း၌ ''ဝါနစိတြန္တိ ဘိတ္တိစ္ဆေဒါနိ ဝသေန ဝိနနဝိစိတြဲ''ဟူ၍ လာသည်။ သီလက္ခန် ဋီကာသစ်၌ ''ဝါနစိတြန္တိ ဘိတ္တိစ္ဆေဒါဒိ အာကာရေနဝါနေန သံသိဗ္ဗနေန ဝိစိတြဲ''ဟူ၍ လာသည်။ သီလက္ခန်ဋီကာဟောင်း အလိုမှာ ဝိမတိဝိနောဒနီနှင့် အဓိပ္ပါယ်တူယူ။ သီလက္ခန်ဋီကာသစ် အလိုမှာ အကြောင်း အရေး သဏ္ဍာန် ထင်အောင် ချုပ်သော အားဖြင့် ဆန်းကြယ်သော အခင်းကိုယူ။ ဤတွင် စကားတရပ်။ တိကအင်္ဂုတ္တိုရ် အဋ္ဌကထာ၌ ''စိတ္တကာနီတိ ရတနစိတြဲ ဥဏ္ဏာမယတ္ထရဏံ''ဟူ၍ လာသည်။ ခုဒ္ဒသိက္ခာဋီကာဟောင်း၌လည်း ''ရတနစိတ္တကံ စိတ္တကံ နဝဠတိ''ဟူ၍ လာသည်။ ဤအဋ္ဌကထာဋီကာတို့ အလိုအားဖြင့် ရတနာတို့ဖြင့် ဆန်းကြယ်လျှင် စိတ္တကအခင်း ယူရ

မည်။ အဘိဓေန်ဋီကာ၌ ဆန်းကြွယ်သော အရုပ်ရှိသော အခင်းသည် စိတ္တက,ချုပ်သောအားဖြင့် ဆန်းကြွယ်သော အရုပ်ရှိသော အခင်းသည် ဝါနစိတ္တက, ဤသို့ နှစ်ဌာန ဝေဘန်၍ ပြသည်။ အရုပ်ရုပ် ပြအပ်သော စိတ္တက အခင်းသည် ဝိနည်းသဘောမှာ အသာရုပ္ပဖြစ်၍ အကပ္ပိယချည်းယူရမည်။ ဤတွင် စိတ္တကအခင်းပြီး၏။ကြွင်းသော အခင်းတို့မှာ အနက်ကိုမှီ၍ အဓိပ္ပါယ်ကိုသိလေ။ အကပ္ပိယအခင်းအရာမှာ ကျမ်းဂန်တို့၌ များစွာ ပြခဲ့သည်။ ထိုကျမ်းဂန်တို့ကိုမှီ၍ ဆရာမြတ်တို့အဓိပ္ပါယ်ယူကြသော အရာလည်း များစွာရှိသည်။ ကျမ်းဂန်ပါဠိယုတ္တိသဘောကို နှိုင်းယှဉ်ဆင်ခြင်၍ သင့်ရာကိုမှတ်။

စမ္မက္ခန္ဓကအလုံးစုံပြီးပြီ၊

---

### ဘေသဇ္ဇက္ခန္ဓက

